ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (18-6-2006) (၄၉၉၂)

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ
မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ
ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒါပနံ
မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါနသာသနံ
ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုကျတည်း။

ဆွေးနွေး မှာကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နေပြည်တော်ရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်း၌ကျင်းပသည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေး (၄/၂၀၀၆) တွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုတင်ပြချက်များကို စုံညီအစည်းအဝေးသို့ စုစည်း ကောက်နုတ်တင်ပြနိုင်ရန်အတွက် အစည်းအဝေးများ ကျင်းပလျက်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သည် အမျိုးသားညီလာခံတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို စိစစ်ပေးသွားမည်

နေပြည်တော် ဇွန် ၁၇

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး (၄/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်း၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် နောက်တစ်ကြိမ် အမျိုးသားညီလာခံကို တောင်သူလယ်သမားများ စိုက်ချိန်၊ပျိုးချိန် ပြီးစီးပြီး အလုပ်အကိုင်ပါးမည့် နှစ်ကုန်ပိုင်းလောက်တွင် ပြန်လည် ကျင်းပမည်ဖြစ်ကြောင်းကို မိမိပြောကြားခဲ့ကြောင်း၊ ယင်းပြောကြားချက်နှင့်အညီ နောက်တစ်ကြိမ် အမျိုးသားညီလာခံကျင်းပရေးအတွက် ညှိနှိုင်းနိုင်ရန် ယခုအမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ရှေကြေးမုံ The Mirror
၁၈–၆–၂၀၀၆
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငြိမ်းချမ်းရေးလမ်း ထာဝရလျှောက်လှမ်း

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံလျက်ရှိသည်။ ငြိမ်းချမ်းရေး၏ အနှစ်သာရများကို ရရှိခံစားနေကြရသည်။ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကရင်ပြည်နယ်သည်လည်း အခြားသောပြည်နယ်၊ တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဝေဆာလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး(ဇာသပြင်) တံတား၊ ဂျိုင်းမြစ်ကူး(ကော့ကရိတ်) မြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးထားသည်။ မွန်ပြည်နယ်မှ အတ္ထရံမြစ်ကူးတံတားနှင့် သံလွင်တံတား(မော်လမြိုင်)တို့ကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်ပေးထားရာ ဘားအံ–မော်လမြိုင်၊ မြဝတီ–ကော့ကရိတ်–ဘားအံ–မော်လမြိုင် လမ်းပေါက်ကာ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့် အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်ပြီး စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

အခြေခံပညာကဏ္ဍ၌ စာသင်ကျောင်း ၁၂၈၈ ကျောင်းတွင် တိုင်းရင်းသား ရင်သွေးငယ်များ ပညာသင်ကြားလျက်ရှိသည်။ ထို့အတူ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကိုပါ ထူထောင်ဖွင့်လှစ်ပေးထားသဖြင့် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များကို ဒေသအတွင်း၌ပင် စိတ်အေးချမ်းမြေ့စွာ သင်ယူနိုင်ကြပြီဖြစ်သည်။

ဘားအံမြို့သည် တစ်ချိန်က အိမ်ခြေ ခြောက်ရာကျော်ခန့်သာရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ်များ၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး အပါအဝင် ခေတ်မီတိုက်တာအိမ်ခြေ၊ ဈေး၊ ပန်းခြံစသည့် မြို့ပြအင်္ဂါရပ်များဖြင့် ပြည့်စုံသည့် လူဦးရေ ငါးသောင်းကျော် နေထိုင်လျက်ရှိသော မြို့ကြီးတစ်မြို့အဖြစ် တွေ့မြင်နေရသည်။

သို့သော် အမှန်တရားကို မျက်ကွယ်ပြုထားသည့် အဆိုးမြင်ဝါဒီများ၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ လုပ်ကြံဖန်တီးလှုံ့ဆော်သွေးထိုးမှုများနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များကြောင့် ကရင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှု အပြည့်အဝ မရရှိနိုင်သေးသည်ကိုလည်း တွေ့ရသည်။

မျက်မှောက်အခြေအနေတွင် ပြည်ပကိုသာ မှီခိုအားပြုနေကြရသည့် သောင်းကျန်းသူများအနေဖြင့် မိမိလူမျိုးကိုလည်း အကျိုးမပြု၊ ပြည်နယ်အကျိုးစီးပွားကိုလည်း ထိခိုက်နစ်နာစေလျက်ရှိသည့် ဆိုးရွားသော လုပ်ရပ်များအား ပကတိအခြေအနေမှန်အတိုင်း သိမြင်ရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်။ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးမှုကို အစဉ်ရေးရှုပြီး ငြိမ်းချမ်းရေးလမ်းမှ ထာဝရ လျှောက်လှမ်းလာခြင်းဖြင့် ကရင်ပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ယခုထက်ပိုမို၍ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမနေ ဦးကျော်မြင့်–ဒေါ်မြင့်မြင့်ဆွေ မိသားစုက (၃၇)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ဇွန် ၁၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ပုံပါကျင်မြို့နယ်၌ ဌာနဆိုင်ရာများအားတွေ့ဆုံ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ရက်တွင် မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီးတို့ ပုံပါကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က လှူဒါန်းငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ကြီး ဦးမွေးကြူထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်းလင်းမှာကြား

တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို လျာထားဧက ပြည့်မီအောင်စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးဒေါ်ကြူကြူလှက ပုံပါကျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပုံပါကျင်မြို့၏သန့်ရှင်းသာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ဆောက်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ပုံပါကျင်မြို့နယ် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆေးရုံ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ဆေးရုံအတွင်း လိုက်လံရှင်းလင်း တင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ် ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးသည် ပုံပါကျင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က လှူဒါန်းငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်ကြရာ ကျောင်းအုပ်ကြီး ဦးမွေးကြူက လက်ခံပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် နယ်မြေခံတပ်နယ်၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးကို မှာကြားပြီး မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

ကွန်ပျူတာ အခြေခံဘာသာရပ် သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ကွန်ပျူတာ အခြေခံဘာသာရပ်သင်တန်းနှင့် G.P.S " Short Course" ဘာသာရပ် သင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် တိုက်ကြီးမြို့နယ် ဇဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိ နည်းပြဆရာများ၊ သင်တန်းသား ၂၀နှင့် ဧည့်သည်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပဋ္ဌာန်းကျောင်း ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း သုဓမ္မာတိုက်အတွင်းရှိ မဟာပဋ္ဌာန်းကျောင်းတွင် သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်း ဆရာတော် ဘဒ္ဒန္တဝါယမအမှူးပြု၍ ဝါဆို၊ ဝါကပ်တော်မူကြသော သံဃာတော် အရှင်မြတ်တို့အား ဇူလိုင် ၂ရက် (တနင်္ဂနွေနေ့) နံနက်အရုဏ်၌ သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူ၍ နံနက် ၈နာရီခွဲတွင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး ရေစက်ချတရား နာယူမည်ဖြစ်ကြောင်း သိရှိရသည်။ (က–ပ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ သာသနာပြုယောဂီတစ်ဦးအား အမှူးထား၍ အလှူရှင် ဦးစန်းမိသားစုက ခရမ်းမြို့ ဘိုးဘွားရိပ်သာသို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ရေမြှုပ်မွေ့ရာနှင့် ခေါင်းအုံးများကို ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အရွယ်မရွေးကျန်းမာစေသည့် စားသောက်နည်း

ဒေါက်တာမြင့်မြင့်ဇင်
(အာဟာရ)

အာဟာရပြည့်ဝမျှတခြင်းသည် သက်တမ်းစေ့ အသက်ရှည်နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် အခြေခံ လိုအပ်ချက်ဖြစ်သည်။ အာဟာရ ပြည့်ဝစွာ မစားသုံးတတ်သဖြင့် ကြုံတွေ့ရသည့် အာဟာရချို့တဲ့မှု အမျိုးမျိုးသည် အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား ရောဂါအမျိုးမျိုးကို ခံစားရစေနိုင်ရုံမျှမက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ပေးနိုင်သည်။ အာဟာရမျှတစွာ မစားသုံးတတ်သဖြင့် ကြုံတွေ့ရတတ်သည့် အာဟာရလွန်ကဲမှုကလည်း ဝဖြိုးခြင်းနှင့် ဆက်နွယ်နေသော ဆီးချို၊သွေးချို၊ နှလုံးရောဂါများကိုဖြစ်စေပြီး သက်တမ်းစေ့မနေရအောင် ဒုက္ခပေးတတ်ပါသည်။ ရှေးလူကြီးသူမများက “မျက်စိအကျင့်ဝမ်းအချင့်”ဟု ဆိုဆုံးမစကားရှိသည်။ အစားအသောက်ကို ချင့်ချိန်တိုင်းထွာ စားသောက်တတ်ရန် ဆုံးမထား ခြင်းဖြစ်သည်။ ချင့်ချိန်တိုင်းထွာတတ်ရန်အတွက် အာဟာရနှင့်ပတ်သက်သည့် အသိပညာဗဟုသုတရှိရန် လိုပါသည်။

လူတို့၏ကျန်းမာရေးကို ကံ၊ စိတ်၊ ဥတုနှင့် အာဟာရတို့က လွှမ်းမိုးလျက်ရှိသည်ဟု တိုင်းရင်းဆေးပညာရှင်တို့ကဆိုသည်။ အာဟာရသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ အနောက်တိုင်းဆေးပညာသဘောအရ အသက်အရွယ်၊ အလုပ်အကိုင်၊ အခြေအနေအလိုက် အာဟာရလိုအပ်ချက် ကွဲပြားခြားနားသည်။ အာဟာရကိုလိုအပ်သလောက် မမှီဝဲလျှင် ရောဂါရမည်။ လိုအပ်သည်ထက် ပိုလွန်စားသုံးပါကလည်း လွန်ကဲသည့်အတွက် ရောဂါရမည်ဖြစ်သည်။

ပြည်သူလူထုအတွင်း အာဟာရနှင့်ပတ်သက်သည့် အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ကြပြီး ရွေးချယ်စားသောက် တတ်လာကြလျှင် မွေးစကလေးများ ထွားကျိုင်းသန်မာကြမည်။ ကလေးများနှင့် အပျိုဖော်ဝင်အရွယ်လူငယ်များ အစွမ်းကုန် ဖွံ့ဖြိုး ထွားကျိုင်းသန်မာမည်ဖြစ်သည်။ ထို့အတူ အာဟာရမမျှတဘဲ လွန်ကဲစွာ စားသုံးမှုများကြောင့် ဖြစ်ပွားသည့် အဝလွန်ရောဂါများ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုကဲ့သို့သောရောဂါများ ဖြစ်ပွားမှုများ လျော့နည်းလာပြီး ကျန်းကျန်းမာမာဖြင့် အသက်ရှည်ရှည် နေနိုင်ကြမည်ဖြစ်သည်။

မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာတိုက်ပါ

နို့တိုက်မိခင် အာဟာရပြည့်ဝအောင်စားပါ

မွေးစ ကလေးအရွယ်မှ သေဆုံးသည်အထိ အဆင့်ဆင့်ကြီးပြင်းလာရသည်။ သူ့အသက်အရွယ်အလိုက် စားသောက်သည့် အစာမတူသလို စားသောက်သည့် ပမာဏလည်းကွဲပြားသည်။ မွေးကင်းစ ကလေးငယ်၏ အစာမှာ မိခင်နို့ဖြစ်သည်။ မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးရုံဖြင့် အာဟာရလုံလောက်စွာ ရရှိသည်။ အသက်ခြောက်လ အောက်ကလေးငယ်အား အချို့က ထမင်းခွံ့တတ်ကြသည်။ ထိုအရွယ်တွင် အစာမကြေ ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်ပြီး နို့စို့နည်းသွားစေနိုင်သဖြင့် ယင်းအကျင့်မျိုးကို ရှောင်ကြဉ်သင့်သည်။ မိခင်က ရင်သွေးငယ်အား နို့တိုက်ကျွေးရာတွင် မိခင်ရောကလေးပါ ကျန်းမာစွာရှိရန် မိခင်က အာဟာရပြည့်ဝ အောင်စားသုံးရန် လိုအပ်သည်။ မိခင်ကအစိုးရိမ်လွန်ပြီး အစားရှောင်ခြင်း၊ လျှော့စားခြင်းတို့ ပြုလုပ်ပါက မိခင်ရောကလေးပါ အာဟာရချို့တဲ့ပြီး ကလေးကြီးထွားမှုကို အဟန့်အတားဖြစ်မည်။ တချို့မိခင်များ၊ အဘိုးအဘွားများသည် ကလေးကို ကျန်းမာထွားကျိုင်းစေလိုဇောဖြင့် လူတို့လုပ်ထားသည့် နို့မှုန့်၊ နို့ဆီတို့ကို တိုက်ကျွေးတတ်ကြသည်။ ထိုပြုပြင်ထားသည့် နို့မှုန့်နှင့် နို့ဆီတို့သည် မိခင်၏ သဘာဝနို့ရည်ကဲ့သို့ သဘာဝအပူချိန်မဟုတ်သည့်အပြင် နို့ဦးရည်တွင်ပါသည့် ရောဂါအမျိုးမျိုးမှ ခုခံကာကွယ်နိုင်သည့် ကိုယ်ခံစွမ်းအားများ မပါရှိပါ။ တန်ဖိုးရှိလှသော ကာကွယ်ဆေးကဲ့သို့ အစွမ်းထက်သည့် နို့ဦးရည်ကို မွေးစကလေးအား တိုက်ကျွေးရပါမည်။ ကလေးငယ်အား မိခင်နို့တိုက်ကျွေးရာတွင် အချိန်ကန့်သတ်မထားဘဲ ကလေး ဆာတိုင်း တိုက်ကျွေးရမည်။ မြန်မာ့ဓလေ့ထုံးစံတစ်ခုဖြစ်သည့် နို့တိုက် မိခင်နို့ ပိုထွက်စေရန် ငါးနှင့် အရွက်မျိုးစုံပါသော ဟင်းခါးရည်ကို အဝသောက်ခြင်းသည် မိခင်အား အာဟာရဖြစ်စေသည်။ ကောင်းမွန်သော ဓလေ့ဖြစ်သည်။

အသက်ခြောက်လပြည့်ပြီးလျှင် မိသားစုအစာမှ ဖြည့်စွက်ကျွေးပါ

ကလေးအသက် ခြောက်လအရွယ်ရောက်သောအခါ မိခင်နို့တစ်မျိုးတည်းတိုက်ရုံနှင့် မလုံလောက်တော့ပါ။ အခြားအစာများ ဖြည့်စွက်ကျွေးမွေးရန်လိုအပ်လာသည်။ အိမ်မှမိသားစုများ စားသည့်အစာမှ ဟင်းသီးဟင်းရွက်၊ အသားငါး၊ ဥ စသည်တို့ကို ကျွေးမွေးရမည်။ ကလေးငယ်သည် တစ်ကြိမ်တည်း အများကြီးမစားနိုင်ပါ။ နည်းနည်းနှင့် ခဏခဏကျွေးရမည်။။ သို့မှသာ ကလေးသည် မိသားစုအစားအစာများကို စားသည့်အလေ့အကျင့်ရရှိသွားပြီး အာဟာရလည်း ပြည့်ဝမည်ဖြစ်သည်။

အာဟာရမျှတစုံလင်အောင်စားပါ
ဆီကို အလွန်အကျွံမစားသုံးပါနှင့်

မိသားစုများသည်လည်း အာဟာရဓာတ် မျှတ စုံလင်အောင် စားသုံးရမည်။ မြန်မာ့ရိုးရာ ထမင်းဝိုင်းတွင် သဘာဝအားဖြင့် အာဟာရဓာတ်ပြည့်စုံစွာပါရှိသည်။ အဓိကအစာမှာ ထမင်းဖြစ်သည်။ ထမင်းနှင့်အတူ အသားငါးတစ်မျိုးမျိုးကို ဟင်းအဖြစ်စားသုံးပြီး ဟင်းရန်များအဖြစ် ငါးပိရည်၊ ငါးပိထောင်း၊ ငါးပိချက်စသည်တို့နှင့် အသီးအရွက်များကို တို့စရာအဖြစ် တွဲဖက်စားသုံးသည့်အပြင် ကုလားပဲ၊ ပဲနီလေး၊ ပဲဝါလေး စသည့် ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဟင်းချိုအဖြစ် လတ်ဆတ်စွာ စားသုံးသည့် အလေ့အထများရှိသည်။ ကျေးလက်ဒေသများ၌ ကိုယ်တိုင်စားခါနီးအချိန်တွင် ခူး၍ချက်တတ်ကြသည်။ ယင်းအလေ့အကျင့်များသည် ကောင်းမွန်သော အလေ့အကျင့်များ ဖြစ်ကြသည်။ ဟင်းချက်ရာတွင်လည်း ဆီကိုသုံး၍ ချက်ပြုတ်ကြရာ ကိုယ်ခန္ဓာနေ့စဉ် လှုပ်ရှားသွားလာမှုအတွက် လိုအပ်သည့် အင်အားဓာတ်ကို ထမင်းနှင့် ဆီမှရရှိသည်။ အင်အားကိုများစွာ အသုံးပြုရသည့် ကာယ လုပ်သားများ၊ လှုပ်ရှားမှုများပြီး သွေးသားသစ်များ အစဉ် တည်ဆောက်နေသော ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များသည် အင်အားဓာတ် ပိုမိုလိုအပ်သည်။ လှုပ်ရှားမှုနည်းသောလူကြီး အရွယ်တွင် အင်အားဓာတ် လိုအပ်ချက်နည်းသွားသည်။ ထိုအရွယ်များ တွင် အင်အားဓာတ်လိုသည်ထက် ပိုစားပါက ဝလာတတ်ပြီး သွေးတိုး ရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါများ ဖြစ်လာနိုင်သည်။ ထို့ကြောင့် အသက်အရွယ်၊ အလုပ်အကိုင်နှင့် အခြေအနေအလိုက် အာဟာရလိုအပ်ချက် ကွဲပြားမှုကို သတိပြုစားသုံးရန် လိုအပ်သည်။ ဆီကို အလွန်အကျွံမစားသုံးရန် လိုအပ်သည်။ ဆီကို အလွန်အကျွံစား သုံးခြင်းကြောင့် အဝလွန်ခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို ရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါများ ဖြစ်ပွားတတ်သည်။ အထူး သဖြင့် တိရစ္ဆာန်မှရသည့် ဝက်ဆီ၊ အမဲဆီ၊ ထောပတ်၊ ဒိန်ခဲ၊ မလိုင်တို့သည် လူကိုအန္တရာယ်ဖြစ်စေသည့် အဆီများ ဖြစ်ကြသဖြင့် ရှောင်ကြဉ်သင့်သည်။

ဖွံ့ဖြိုးမှုအများဆုံးဖြစ်သည့် နှစ်နှစ်အောက်နှင့်
ပျိုဖော်ဝင်အရွယ်တွင် အာဟာရ ပြည့်ဝအောင်ကျွေးပါ

အသား၊ ငါး၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုးနှင့် နို့တို့သည် ကိုယ်ခန္ဓာကို ကြီးထွားစေသည်။ ကလေးများနှင့် လူငယ်လူရွယ်များသည် သွေးသားသစ်များ တည်ဆောက်ကြီးထွားလျက်ရှိသဖြင့် အသားဓာတ်ပိုမို လိုအပ်သည်။ လူကြီးများမှာမူ နေ့စဉ် ပျက်စီးသွားသော ကလာပ်စည်းများအတွက်သာ အသားဓာတ်လိုအပ်သဖြင့် အသားဓာတ်လိုအပ်မှုနည်းသွားသည်။ ထို့ကြောင့် မိသားစုများအတွင်း ကလေးများနှင့် လူငယ်များအား အသားဓာတ်ပြည့်ဝအောင် ကျွေးမွေးခြင်းဖြင့် ကျန်းမာဖွံ့ဖြိုးသော လူငယ်များကို ရရှိမည်ဖြစ်သည်။ ကလေးအရွယ် အသက်နှစ်နှစ်အောက် အရွယ်သည် ဖွံ့ဖြိုးမှုအများဆုံးဖြစ်ပြီး အပျိုဖော် လူပျိုဖော်ဝင်အရွယ်တွင် ဒုတိယအကြိမ် ဖွံ့ဖြိုးမှုအများဆုံးဖြစ်သဖြင့် ယင်းအရွယ်များတွင် အာဟာရပြည့်ဝအောင် ကျွေးမွေးခြင်းသည် လူငယ်များ၏ ကာယ၊ ဉာဏ၊ စိတ္တ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးမှုကို ရရှိစေနိုင်သည်။ နေ့စဉ်စားသုံးသောအစားအစာတွင် အင်အားအတွက် ထမင်းနှင့်ဆီ လုံလောက်စွာ မပါရှိပါက အသားဓာတ်ကိုလောင်စာအဖြစ် အသုံးပြုသဖြင့် ကိုယ်ခန္ဓာသည် ပိန်ချုံးလာလေသည်။ ထို့ကြောင့် ကိုယ်ခန္ဓာကြီးထွား ဖွံ့ဖြိုးသော အရွယ်တွင် အင်အားဓာတ်ကိုလည်း လုံလောက်စွာ စားသုံးရန် လိုအပ်သည်။ မြန်မာ့ဓလေ့ ထုံးစံအတိုင်း ကလေးငယ်အား ထမင်းဆီဆမ်း ကျွေးသည့်အပြင် ငါး၊ ကြက်ဥ၊ ဘဲဥ တို့ကိုလည်း ထည့်သွင်းကျွေးမွေးရမည်။ အသားငါးကျွေးခြင်းကြောင့် သန်ထတတ်သည်ဟု ထင်မြင်ယူဆနေကြခြင်းသည် မှားယွင်းသည့် အယူအဆတစ်ခုဖြစ်သည်။ ကျွေးမွေးသူတစ်ကိုယ်ရေသန့်ရှင်းရေး ညံ့ဖျင်းမှု၊ အစားအစာမသန့်ရှင်းမှုတို့ကြောင့်သာ သန်ထခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း ဖြစ်တတ်သည်။

ဟင်းသီးဟင်းရွက်ပုံ

အသက်အရွယ်မရွေး အသီးအရွက်များကို စားသုံးသင့်သည်။ အသီးအရွက်များတွင် ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည့်ဗီတာမင်ဓာတ်များပါရှိသည်။ အသီးအရွက်များကို သန့်ရှင်းသည့် ရေဖြင့်သေချာစွာ ဆေးကြောသင့်သည်။ သို့မှသာ ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ ဖျန်းထားပါက စင်ကြယ်သွားမည်ဖြစ်သည်။ အထူးသဖြင့် အစိမ်းစားသည့် အသီးအရွက်များကို ပိုမိုသတိထား၍ ဆေးကြောရမည်။ စိမ်းလန်းသောဟင်းသီးဟင်းရွက်များ ဖြစ်သည့် ကန်စွန်းရွက်၊ ဒန့်သလွန်ရွက်၊ ဟင်းနုနယ်ရွက်၊ မြင်းခွာရွက်၊ ဆလတ်ရွက် စသည်တို့တွင် မျက်စိအားကောင်းစေသည့် ဗီတာမင်အေ၊ သွေးအားကောင်းစေသည့် သံဓာတ်၊ သွားဖုံးနှင့်အရေပြားတို့ ကောင်းစေသည့် ဗီတာမင်စီဓာတ်တို့ ပါဝင်သဖြင့် အစိမ်းရောင်ရှိသည့် အသီးအရွက်များကို စားသုံးခြင်းသည် ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေသည်။ ထို့အတူ ခရမ်းချဉ်သီး၊ ခဝဲသီး၊ ရုံးပတီသီး၊ ပဲစောင်းလျားသီး၊ ဒန့်သလွန်သီးစသည့် အသီးများသည်လည်း အရသာအမျိုးမျိုးပေးသည့်အပြင် ဗီတာမင်ဓာတ်၊ သတ္တုဓာတ်စသည့် အာဟာရများ ပါရှိသည်။ ငှက်ပျောသီး၊ သင်္ဘောသီး၊ သရက်သီး၊ မာလကာသီးတို့သည်လည်း အစိမ်းစားသောအသီးများဖြစ်၍ ဗီတာမင်ဓာတ်များကိုရရှိသည်။



မလှီးမဖြတ်မီ ရေဖြင့် စင်ကြယ်အောင်ဆေးပါ

အသီးအရွက်များကို ချက်ပြုတ် ပြင်ဆင်ရာတွင် အာဟာရဓာတ်များ မပျက်စီးအောင် ချက်ပြုတ်ရန် လိုအပ်သည်။ အချို့ဗီတာမင်ဓာတ်များသည် ချက်ပြုတ်လျှင် ပျက်စီး နိုင်သည်။ အသီးအရွက်များကို ဆေးကြောရာတွင် မလှီးမဖြတ်ခင် ဆေးကြောရမည်။ သို့မှသာ ရေတွင်ပျော်ဝင် နိုင်သည့် ဗီတာမင်များ ဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ အသီးအရွက်များကို ပြုတ်ရာတွင်လည်း ဆူနေသောရေတွင် အဖုံးအုပ်၍ ပြုတ်ရမည်။ ကြာရှည်မပြုတ်ရပါ။ အသားငါးတို့နှင့် အသီးအရွက်များကို ရော၍ချက်လျှင် အသားငါးကျက်ခါနီးမှ အသီးအရွက်ကို ထည့်ရပါမည်။ သို့မဟုတ်ပါက အသီးအရွက်များ အကျက်လွန်ပြီး အာဟာရတန်ဖိုး ရှိမည်မဟုတ်တော့ပါ။



ဆူနေသောရေတွင် အဖုံးဖုံး၍ ပြုတ်ပါ၊ ကြာရှည်မပြုတ်ရ

အကြောင်းအမျိုးမျိုးကြောင့် အသားရှောင်သူများရှိသည်။ အသားရှောင်လျှင် အစားထိုးအသားဓာတ်ရအောင် ပဲအမျိုးမျိုး၊ ပဲပုပ်၊ တိုဟူး၊ နို့စသည်တို့ကိုစားရမည်။ အသားငါးမှရသည့် အသားဓာတ်လောက် အာဟာရဓာတ်မပြည့်သော်လည်း အသားဓာတ်ကိုရရှိစေသဖြင့် အစားထိုး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ∆

(18-6)03.P65 1 32/17/1, 2:47 PM

ဂွါတာနာမို အကျဉ်းစခန်းတည်ရှိမှုကြောင့် အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာကျဆင်းရကြောင်း ဘုရှ်ဝန်ခံ

ဝါရှင်တန် ဇွန် ၁၆

ကျူးဘားနိုင်ငံရှိ အမေရိကန် ဂွါတာနာမိုအကျဉ်းစခန်းသည် ပြည်ပတွင် အမေရိကန်ပြည်ထောင်စု၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းကျဆင်းစေခဲ့ကြောင်း သမ္မတဘုရှ်က ဗုဒ္ဓဟူးနေ့တွင် ဝန်ခံပြောကြားလိုက်သည်။ သို့အတွက် အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်း ၎င်းက အခိုင်အမာပြောကြားသည်။

ကျူးဘားနိုင်ငံရှိ ဂွါတာနာမိုအကျဉ်းစခန်းတွင် အကြမ်းဖက်သမားများဟု မသင်္ကာသူများကို ထိန်းသိမ်းထားမှု အပေါ် လူအများစုက စိတ်လက်မကြည်သာ ဖြစ်နေကြသည်ဟု သိရှိကြောင်း ဘုရှ်က အိမ်ဖြူတော် နှင်းဆီခြံတွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိအနေဖြင့် ယင်းအကျဉ်းစခန်းကို ပိတ်ပစ်လိုကြောင်း၊ သို့ရာတွင် ပြည်သူလူထုအတွက် လက်ခံနိုင်ဖွယ်မရှိလောက်အောင် အန္တရာယ်ရှိသည့် လူအချို့ကို ထိန်းသိမ်းထားပြီး ၎င်းတို့ကို တရားရုံးများတွင် စစ်ဆေးအရေး ယူရန် အစီအစဉ်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိအနေဖြင့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို စောင့်နေခြင်းသာဖြစ်ကြောင်း သမ္မတဘုရှ်က ပြောကြားသည်။

နောက်ဆုံးတွင် အကျဉ်းသားများကို ၎င်းတို့၏ မူရင်းနိုင်ငံများသို့ ပြန်လည်ပေးပို့မည် သို့တည်းမဟုတ် တရားဥပဒေကြောင်းအရ ရုံးတင်စစ်ဆေးမည်ဟု ဘုရှ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်လေယာဉ်ပျက်ကျမှုအတွက် တူရကီက ဂရိထံမှ လျော်ကြေးတောင်းမည်

အန်ကာရာ ဇွန် ၁၆

တူရကီနှင့် ဂရိနိုင်ငံတို့မှ အက်ဖ်–၁၆ တိုက်လေယာဉ်နှစ်စင်းသည် လွန်ခဲ့သည့်လအတွင်း ဝေဟင်တွင် တိုက်မိခဲ့ကြပြီးသည့်နောက် တူရကီနိုင်ငံက ဂရိနိုင်ငံထံမှ လျော်ကြေးငွေတောင်းဖွယ်ရှိကြောင်း ဗုဒ္ဓဟူးနေ့က အရိုပ်အမြွက် ပြောကြားလိုက်သည်။

ယင်းဖြစ်ရပ်သည် အေဂျီယန် ပင်လယ်တွင် မေ ၂၃ ရက်က ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်အတွင်း ဂရိလေယာဉ်မှူး သေဆုံးသွားခဲ့သော်လည်း တူရကီလေယာဉ်မှူးမှာမူ လေယာဉ်အပြင်ဘက်သို့ အချိန်မီထွက်ခဲ့နိုင်သည်။ ယင်းဖြစ်ရပ်အပေါ် ဂရိနှင့် တူရကီနှစ်နိုင်ငံက အပြန်အလှန် အပြစ်တင်ပြောကြားလျက်ရှိသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များက အစီရင်ခံစာ ပြုစုနေပြီဖြစ်ကြောင်း၊ လေယာဉ်ချင်း တိုက်မိသည့်ကိစ္စတွင် တူရကီဘက်မှ အမှားမရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြမည်ဆိုပါက မိမိတို့အနေဖြင့် လျော် ကြေးတောင်းမည်ဖြစ်ကြောင်း စသည်ဖြင့် တူရကီ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ နာမစ်တန်က အပတ်စဉ်ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ဂရိနှင့် တူရကီနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက အစ္စတန်ဘူလ်မြို့တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ယုံကြည်မှု တည်ဆောက်ရေး အစီအစဉ်သစ်များ ဖော်ဆောင်ရန် လွန်ခဲ့သည့် ရက်သတ္တပတ်က သဘောတူညီခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်ရိုးရာ ဗုံနှင့်တွဲဖက်ကပြနေသူတစ်ဦးကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အဆိပ်သင့် ဓာတုဗေဒပစ္စည်းများကြောင့် ဝက်ဝံဖြူနှင့် ဝေလငါးများ အန္တရာယ်ဖြစ်ဟုဆို

ဂျီနီဗာ ဇွန် ၁၆

အဆိပ်သင့်ဓာတုဗေဒပစ္စည်းများသည် မြောက်ဝင်ရိုးစွန်းဒေသမှ ဝက်ဝံဖြူများ၊ ဝေလငါးများ၊ ပင်လယ်ဖျံများနှင့် အဏ္ဏဝါငှက်များ အပါအဝင် အာတိတ်ဒေသမှ တိရစ္ဆာန်များအတွက် ဘေးအန္တရာယ်ဖြစ်ပွားစေကြောင်း သဘာဝပတ်ဝန်းကျင်အုပ်စုတစ်ခုဖြစ်သည့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ဌာန (ဒဗလျူအက်ဖ်အက်ဖ်)က ကြာသပတေးနေ့တွင် ပြောကြားသည်။

မီးလောင်ရာတွင် ငြိမ်းသတ်သည့် ဆေးရည်များ၊ ပိုးသတ်ဆေးများ၊ ဖလူဝါရင်းဓာတ်ငွေ့ပါသည့် ဓာတုဗေဒပစ္စည်းများကဲ့သို့သော အညစ်အကြေးများသည် အာတိတ်ဒေသနေ တောရိုင်းတိရစ္ဆာန်များ၏ ရောဂါဒဏ်ခံနိုင်မှုသတ္တိနှင့် ဟော်မုန်းထုတ်လုပ်မှု ပြဿနာများအပါအဝင် ယင်းတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု ယင်းအဖွဲ့က ပြောကြားသည်။

ထိခိုက်

ယင်းတိရစ္ဆာန်များ၏ ကျန်းမာရေး ထိခိုက်စေသည့် အဆိုပါဓာတုဗေဒပစ္စည်းများ၏ အန္တရာယ်ကို လျစ်လျူရှု၍ မဖြစ်နိုင်တော့ဟု အဆိုပါအဖွဲ့၏ ညွှန်ကြားရေးမှူးဖြစ်သူ စမန်သာစမစ်က ပြောကြားသည်။

အာတိတ်ဒေသတွင် ဓာတုဗေဒပစ္စည်းများကြောင့် ညစ်ညမ်းသည့် ပြဿနာများ ဖြစ်ပွားပြီး ယင်းဒေသရှိ တိရစ္ဆာန် မျိုးစိတ်အများစု၏ အသက်ဘေးအန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိနေသည်ဟု ၎င်းက ပြောကြားသည်။

မေတ္တာရပ်ခံ

သုတ်ဆေး၊ ချေးချွတ်ဆေး၊ မော်တော်ယာဉ်များနှင့် ကွန်ပျူတာများကဲ့သို့သောပစ္စည်းများတွင် တွေ့ရှိရသည့် ဓာတုပစ္စည်းများ၏ ဘေးဥပဒ်များမှ လူနှင့်ပတ်ဝန်းကျင်ကို ကာကွယ်ပေးနိုင်ရေးအတွက် တရားဥပဒေ အလျင်အမြန် ပြဋ္ဌာန်းပေးရန် မေတ္တာရပ်ခံကြောင်း စမစ်က မေတ္တာရပ်ခံခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံတွင် ဝေလငါးဖမ်းဆီးမှုမပြုလုပ်ရန် မြို့တော်ဆိုးလ်၌ ကန့်ကွက်ဆန္ဒပြနေသူများအား ဇွန် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အင်ဒိုနီးရှားနှင့်စင်ကာပူ အထူးစီးပွားရေးဇုန် တည်ထောင်မည်

ဂျကာတာ ဇွန် ၁၇

အင်ဒိုနီးရှားနှင့်စင်ကာပူနိုင်ငံတို့၏ ခေါင်းဆောင်များသည် အထူးစီးပွားရေးဇုန်များ တည်ထောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးရန် ယခုလနှောင်းပိုင်းတွင် တွေ့ဆုံကြမည်ဖြစ်ကြောင်း မီဒီယာသတင်းတစ်ရပ်က သောကြာနေ့တွင်ဖော်ပြသည်။

နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ၌ အထူးစီးပွားရေးဇုန်များ တည်ထောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရန် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုသည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဘာတမ်ကျွန်း၌ ဇွန် ၂၆ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် ဒီတစ်ကွန် သတင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။

ဘာတမ်ကျွန်း၊ ဘင်တန်ကျွန်းနှင့် ကရီမွန်ကျွန်းတို့တွင် စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရေးမြှင့်တင်ရန် အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ သဘောတူခဲ့ကြသည့် ၁၉၉၀ ပြည့်နှစ် စာချုပ်ကို နှစ်နိုင်ငံခေါင်းဆောင်များက ပြန်လည် သက်ဝင်လှုပ်ရှားစေမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာဂျူဒါက ကြာသပတေးနေ့နှောင်းပိုင်းတွင် ပြောကြားသည်။

အထူးစီးပွားရေး ဇုန်များနှင့် ပတ်သက်၍ သဘောတူညီမှု မူကြမ်းကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ဝီရာဂျူဒါက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူ၌ သက်ကြီးရွယ်အိုနှုန်းထား များပြားလျက်ရှိ

စင်ကာပူ ဇွန် ၁၆

စင်ကာပူနိုင်ငံ၏ လူဦးရေတွင် အသက် (၆၅)နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အိုနှုန်းထား မြင့်တက်လျက်ရှိကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အိုနှုန်းထားသည် ၇ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ် တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း အိမ်ထောင်စုစာရင်းစစ်တမ်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အသက်(၆၅)နှစ်နှင့် အထက်ရှိသူများနှင့် အသက် (၁၅) နှစ်မှ (၆၄)နှစ်အတွင်းရှိသူများ၏ အချိုးမှာ ၂၀၀၅ခုနှစ်တွင် ၁၂း၁၀၀ ရှိကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်တာကာလတွင် ၁၀း၁၀၀ ရှိကြောင်း စင်ကာပူစာရင်းအင်းဌာန (အက်စ်ဒီအက်စ်)က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ ဘူလူဆန်မီးတောင်နယ်မြေအတွင်းရှိ ရွှံ့ညွှန်ထဲ ဖြတ်သန်းသွားသည့် ကလေးတစ်ဦးကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ခရီးသွားလုပ်ငန်း မြှင့်တင်ရန် လက်ဘနွန်၌ ဝက်ဘ်ဆိုက်သစ်ထုတ်လွှင့်

ဘေရွတ် ဇွန် ၁၆

လက်ဘနွန်နိုင်ငံသို့ ပြည်ပခရီးသည်များ ပိုမိုလာရောက်စေရန် ဆွဲဆောင်ပြီး နိုင်ငံ၏ အလားအလာ ကောင်းသည့် စီးပွားရေးကဏ္ဍ မြှင့်တင်ရေးအတွက် လှုပ်ရှားမှုအစိတ်အပိုင်း တစ်ရပ်အဖြစ် လက်ဘနွန်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက တရားဝင် ဝက်ဘ်ဆိုက်အသစ် အစီအစဉ်ကိုထုတ်လွှင့်ကြောင်း ဒေသခံသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အောင်မြင်မှုရလဒ်

ယခုထုတ်လွှင့်သည့် ဝက်ဘ်ဆိုက်အသစ် အစီအစဉ်သည် အမေရိကန် စတန်းဖို့သုတေသနဌာနနှင့် လက်ဘနွန်ယဉ်ကျေးမှုနှင့် လူမှုတိုးတက်ဖွံ့ဖြိုးရေး အသင်းတို့အကြား ပူးတွဲပြုလုပ်သည့် ငါးနှစ်စီမံကိန်း၏ အောင်မြင်မှုရလဒ်ဖြစ်သည်။

အဆိုပါဝက်ဘ်ဆိုက်သည် လက်ဘနွန်နိုင်ငံ၏ ခရီးသွားကဏ္ဍ တိုးမြင့်စေမည့် ခရီးသွားဝန်ကြီးဌာန၏ မဟာဗျူဟာ အစီအစဉ်တွင် ပါဝင်နေသည်ဟု လက်ဘနွန်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှဝန်ကြီးဂျိုးဆက်ဆာကစ်ကိုကိုးကား၍ဒေသခံသတင်းဌာနက ဖော်ပြသည်။

ဝက်ဘ်ဆိုက်အသစ် ထုတ်လွှင့်မှုအစီအစဉ်သည် လက်ဘနွန်ရှိ ခရီးသွားလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းကို ကိုယ်စားပြုမည်ဖြစ်ပြီးခရီးသွားလုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်း ၃၀၀ ကျော် ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ဂါဗန်ဆေးသုတေသနဌာနတွင် ဇွန် ၁၆ ရက်က ကြည့်ရှုလေ့လာနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာ၌ ဗုံးပေါက်ကွဲ ၅၈ ဦးသေဆုံး ၄၅ ဦးဒဏ်ရာရရှိ

ကိုလံဘို ဇွန် ၁၆

သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းပြည်နယ်၌ ကြာသပတေးနေ့ နံနက်က ဘတ်စ်ကားတစ်စီး ဗုံးထိမှန်ရာ အရပ်သား ၅၈ဦး သေဆုံးပြီး၊ ၄၅ဦး ဒဏ်ရာရရှိကြောင်း သီရိလင်္ကာနိုင်ငံ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့က ပြောကြားသည်။

ကိုလံဘိုမြို့၏မြောက်ဘက် ၂၅၀ ကီလိုမီတာအကွာ ဗီဟာရာတလ်မီလီဝါ ဒေသ၌ မသင်္ကာသူ တမီလ် ကျားသူပုန်လက်ချက်ကြောင့် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဘတ်စ်ကားတစ်စီး မိုင်းထိမှန်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ပရာဆက်ဒ်ဆာမာရာဆင်ဟီက ပြောကြားသည်။

အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုကြောင့် ဘတ်စ်ကားသည် လမ်းမှ မီတာ ၂၀ ခန့်အထိ လွင့်စဉ်ကျသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နီပေါတွင် ဆေးလိပ်သောက်သုံးမှုကို တားမြစ်မည်

ခတ္တမန္ဒူ ဇွန် ၁၆

အများပြည်သူများ သွားလာမှုများပြားသော နေရာများတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် သတင်းစာများတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခြင်းတို့ကို တားမြစ်ရန် နီပေါအစိုးရက စီစဉ်လျက်ရှိကြောင်း၊ ပြုမူချက်များသည် ဥပဒေအရ တရားမဝင်ကြောင်း တရားရုံးချုပ်က အာဏာပိုင်များကို အမိန့်ထုတ်ပြန်ပြီးနောက်တွင် အဆိုပါ အစီအစဉ်ကို အစိုးရကဖော်ဆောင်ကြောင်း ဗုဒ္ဓဟူးနေ့တွင် အစိုးရတာဝန်ရှိသူက ပြောကြားသည်။

အစိုးရရုံးများ၊ ဆေးရုံများ၊ ကျောင်းနှင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းတို့တွင်ဆေးလိပ်သောက်သုံးမှုကိုတားမြစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အများပြည်သူများ သွားလာရာနေရာများတွင် ဆေးလိပ်သောက်သုံးမှုကို တားမြစ်မည်ဖြစ်ကြောင်း၊ ထိုနေရာများတွင် ဆေးလိပ်ထိန်းချုပ်ရေး လှုပ်ရှားမှုတစ်ရပ်ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူ ရီရှီရာဘန်ဒါရီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ထိုတားမြစ်ချက်အတွက် ဥပဒေသစ်ပြဋ္ဌာန်းရန် အစိုးရက စီစဉ်ထားရှိမှုကို ၎င်းက ပြောကြားသွားခြင်းမရှိပေ။

ကျန်းမာရေးဆိုင်ရာ အကြောင်းတရားများကြောင့် အများပြည်သူများ သွားလာရာ နေရာများတွင် ဆေးလိပ်မသောက်သုံးရန်တရားရုံးချုပ်ကပန်ကြားထားသည်။ ထို့အပြင် သတင်းစာနှင့် မဂ္ဂဇင်းများတွင် ဆေးလိပ်များ ကြော်ငြာခြင်းကို တားမြစ်ရန် အစိုးရကို အမိန့်ထုတ်ပြန်ထားသည်။

နီပေါနိုင်ငံတွင်ဆေးလိပ်နှင့်ဆက်နွှယ်သော ရောဂါများကြောင့် နှစ်စဉ်ပြည်သူ ၁၅၀၀၀ ခန့် သေဆုံးလျက်ရှိကြောင်း၊ ရေဒီယိုနှင့် ရုပ်သံတို့တွင်လည်း ဆေးလိပ် ကြော်ငြာများကို ပိတ်ပင်ထားပြီးဖြစ်ကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တရုတ် သိပ္ပံပညာရှင်များ တီထွင် ထုတ်လုပ်ထားသော ကုန်းရေရေပါ မောင်းနှင်နိုင်သည့် မော်တော်ဆိုင်ကယ်တစ်စင်းကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိဘက်ဒေသတွင် ရေခဲပြင်ကျားသစ် ရှာဖွေတွေ့ရှိ

ကျီနင်း ဇွန် ၁၆

ကမ္ဘာ့ခေါင်မိုးဒေသဟု လူသိများကြသည့် တရုတ်နိုင်ငံ ကျင်ဟိုင်း-တိဘက်ကုန်းမြင့် အနောက်မြောက်ပိုင်းဒေသတွင် ရှားပါးသော ရေခဲပြင်နေကျားသစ်နှစ်ကောင်ကို တရုတ်သိပ္ပံပညာရှင်များက ဓာတ်ပုံရိုက်ကူးယူခဲ့ကြသည်။

တရုတ်သုတေသီ သိပ္ပံပညာရှင်များကအဖမ်းရခက်ခဲသည့် အဆိုပါရေခဲပြင်နေ ကျားသစ်နှစ်ကောင်ကို နှစ်လကြာသည်အထိ နောက်ယောင်ခံလိုက်ခဲ့ပြီးမှ ဘာဟန်ဆူဒေသ တောင်တန်းပေါ်တွင် ဓာတ်ပုံရိုက်ကူးယူခဲ့ခြင်း ဖြစ်သည်။ ယင်းတောင်တန်းသည် ကျင်ဟိုင်း-တိဘက်ကုန်းမြင့်၏ အနောက်မြောက်ပိုင်းဒေသတွင် တည်ရှိသည်။

အဆိုပါရေခဲပြင်နေကျားသစ်နှစ်ကောင်တွေ့ခဲ့ရမှုကြောင့် ကျင်ဟိုင်း-တိဘက်ကုန်းမြင့်ဒေသသည် ဂေဟစနစ်ပြည့်စုံလုံလောက်မှုရှိသည်ဟု ဂုဏ်ယူဝင့်ကြွားနိုင်ပြီး ယင်းကုန်းမြင့်ဒေသရှိ နေရာတိုင်းတွင် နေထိုင်သည့် မျိုးတုံးမည်ကို စိုးရိမ်ရသော တိရစ္ဆာန်များရှိနေသည်ဟု ဖော်ညွှန်းနေကြောင်း တရုတ် သိပ္ပံအကယ်ဒမီ တိရစ္ဆာန်သုတေသနဌာနမှ သုတေသီ ကျန်ကျီဂန်က ပြောကြားသည်။

ဖော်ပြပါ ရေခဲပြင်နေ ကျားသစ်နှစ်ကောင် တွေ့ရှိခဲ့ပြီး ဓာတ်ပုံရိုက်ခဲ့သည့် နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၇၀၀ခန့်မြင့်သည်ဟု သိရသည်။

အဆိုပါ ကျားသစ်များ နောက်ယောင်ခံရာတွင် ခက်ခဲမှုရှိခဲ့ကြောင်း၊ ယင်းသတ္တဝါများသည် တောင်တန်း၏ အမြင့်ပိုင်းနေရာများတွင် နေထိုင်ကြပြီး မှောင်ချိန်ရောက်မှ ထွက်လာကြသည်ဟု ကျန်ကျီဂန်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆူနာမီ သတိပေးစနစ် ဆွေးနွေးပွဲ ထိုင်းနိုင်ငံ၌ ကျင်းပ

ဗန်ကောက် ဇွန် ၁၆

အိန္ဒိယသမုဒ္ဒရာနှုတ်ခမ်းသတ်နိုင်ငံပေါင်း ၂၀ ကျော်မှ ကျွမ်းကျင်ပညာရှင် ၁၃၀ကျော်နှင့်ကုလသမဂ္ဂကိုယ်စားလှယ်များသည် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် ကြာသပတေးနေ့တွင် ဗန်ကောက်မြို့သို့ ရောက်ရှိလာကြသည်။ ထိုအစည်းအဝေးတွင်အိန္ဒိယသမုဒ္ဒရာနှုတ်ခမ်းသတ်ဒေသတွင် ဆူနာမီကြိုတင် သတိပေးစနစ် တည်ထောင်ရန်အတွက် အရန်အသင့်ရှိမှု၊ လျော့ပါးစေမှုနှင့် တီထွင်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

တက်ရောက်

သုံးရက်ကြာ ကျင်းပပြုလုပ်သော အလုပ်ရုံအစည်းအဝေးသို့ နိုင်ငံတကာဘေးအန္တရာယ် လျော့ပါးရေး မဟာဗျူဟာ (အိုင်အက်စ်ဒီအာရ်)၊ အာရှနှင့်အာဖရိက စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ယူအင်န်အီးအက်စ်စီအေပီ) နှင့် ဒေသဆိုင်ရာ အခြားအဖွဲ့အဝင်များ တက်ရောက်ကြသည်။ ဆူနာမီကြိုတင်သတိပေးစနစ် တီထွင်မှုလုပ်ငန်းကို ပိုမိုအားထုတ်ဆောင်ရွက်နိုင်ရန် အခြားနိုင်ငံများမှ ဆွေးနွေးပွဲ တက်ရောက်လာကြသူများသည်စာတွေ့၊ လက်တွေ့၊ အတွေ့အကြုံများကို ဖလှယ်ကြမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ဘေးအန္တရာယ်ကျရောက်မှုကို လျော့ပါးစေရန် ဆူနာမီကြိုတင် သတိပေးစနစ်ကို တီထွင်ထားရှိမှု အစီအစဉ်၊ အစိုးရများအနေဖြင့် ကြိုတင်ကာကွယ်ရေး မဟာဗျူဟာကို ရှင်းလင်းစွာ ညွှန်ကြားထားရန်နှင့် ဒေသဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုအပေါ် သဘောတူညီမှုရရှိရန် တို့ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကယ်လီဖိုးနီးယား၌ လျှော်လှုပ်

ဝါရှင်တန် ဇွန် ၁၆

ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းတွင် ကြာသပတေးနေ့ အစောပိုင်းက အားပျော့သော လျှော်လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒဌာနက ဖော်ပြထားသည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီ ၂၄ မိနစ်(ကမ္ဘာ့စံတော်ချိန်၁၂၂၄ နာရီ) တွင် အင်အား ၄ ဒသမ ၇ အဆင့်ရှိ မြေငလျှင်ငယ်တစ်ခု လှုပ်သွားကြောင်း အဆိုပါဌာန၏ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ငလျှင်၏ ဗဟိုချက်မှာ ဆန်ဟိုဆေးမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်အကွာတွင်ရှိကြောင်း၊ ပျက်စီးမှုနှင့် ဒဏ်ရာရရှိမှုကို ချက်ချင်းသတင်း မရရှိကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဖိလစ်ပိုင်နိုင်ငံ မာကာတီစီရင်စု၌ အမေရိကန်မရိန်းတပ်ဖွဲ့ ရုပ်သိမ်းပေးရန် တောင်းဆို ဆန္ဒပြနေသူ တစ်ဦးကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် လောကနန္ဒာမြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ စက်မှုနည်းပညာမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၈၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တပ်မတော်သားများနှင့် မိသားစုများ၏ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုနှင့် သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့ရောင်လမ်းဘေး၌ နယ်မြေခံတပ်ရင်းက စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ၂၃ ဒသမ ၁၄ ဧကနှင့် တပ်တွင်း၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်နှင့် သီးနှံပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မကွေးမြို့နယ် ကန်သာကြီးကျေးရွာအနီး၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ဆင်းရတနာ(၈) နှမ်းဖြူမျိုး ဧက ၂၀၀ စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ဆင်းပဒေသာ(၇) မြေပဲမျိုးသန့် ၁၅ ဒသမ ၄ ဧက စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေနံချောင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြက်ဆူပင်ကို စိုက်ပျိုးပေးကြပြီး တက်ရောက်သူများ၏ ခြံစည်းရိုးကြက်ဆူပင် ခုနစ်ဧက စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေး–ကျောက်ပန်းတောင်းလမ်းရှိ နယ်မြေခံတပ်ရင်းမိသားစုများ၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက အပင် ၁၂၀၀၀ စိုက်ခင်းနှင့် ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြပြီး ရေနံချောင်းစက်မှုဇုန် အထွေထွေစက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းက စက်မှုဇုန်ကထုတ်လုပ်သော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် စက်အရန်ပစ္စည်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် စက်မှုလုပ်ငန်းရှင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များက ဦးဆောင်ပြီး စက်မှုလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ရည်မှန်းထားသည့် ဒေသအတွင်း အလုပ်အကိုင်များရရှိရေး၊ စက်မှုနည်းပညာများ တိုးတက်ရေး၊ စက်မှုဇုန်လုပ်ငန်းရှင်အချင်းချင်း နည်းပညာများ ဖလှယ်နိုင်ရေးစသည့် စက်မှုလက်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြားစက်မှုဇုန်များသို့ သွားရောက်လေ့လာ၍ မိမိစက်မှုဇုန်တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အတွင်း လုပ်ငန်းများအလိုက် နေရာချထားမှု၊ အုပ်ချုပ်မှု၊ အဆောက်အအုံများ နေရာချထားမှု စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေနဂါးစက်မှုလက်မှု စူပါကပ်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းက ဆိုင်ကယ်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် အရန်ပစ္စည်းများ၊ ရောင်းရန်အသင့်ဖြစ်နေသော ဆိုင်ကယ်အမျိုးမျိုးတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ချောက်မြို့နယ် ငွေးချိုကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် သုံးဧက စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း၊ ကျောက်ပန်းတောင်း–ညောင်ဦး ကားလမ်း၌ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မြကန်စိမ်းလန်းသာယာစိုပြည်ရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် တုရင်းတောင်ခြေရှိ မြကန်စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြကန်စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လယ်မြေသစ်ဖော်ထုတ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လောကနန္ဒာမြစ်ရေတင်စီမံကိန်း ရေသွယ်မြောင်းအမှတ်(၆)၊ အမှတ်(၄) အမှတ်(၂)တို့နှင့် ပင်မရေထုတ်ပေါက်များကိုလည်းကောင်း၊ ကန်ပေါက်ကျေးရွာနှင့် ကြို့အိုင်ကျေးရွာတို့မှ တောင်သူများ စိုက်ပျိုးထားသည့် မနောသုခစပါးခင်းများကိုလည်းကောင်း၊ ရွှေတွင်းကျေးရွာ၌ စပါးစိုက်ရန်လယ်မြေသစ်ဖော်ထုတ်နေမှု၊ ကုန်းမြင့်လယ်မြေ ဧက ၂၀၀ ဖော်ထုတ်နေမှု၊ ရေပေးဝေရန်ရေပိုက်များ ဆက်သွယ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လောကနန္ဒာမြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ကြရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လောကနန္ဒာမြစ်ရေတင်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ပင်မရေငြိမ်ကန်သို့ ရေတင်ပို့မှု၊ ပင်မမြောင်းမှ ရေပေးဝေနေမှု အခြေအနေများနှင့် လောကနန္ဒာမြစ်ရေတင်လုပ်ငန်းခွင် ၁၅ ကေဗွီအေ ဓာတ်အားခွဲရုံ တပ်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရွှေတွင်းကျေးရွာအနီး စိုက်ပျိုးထားသည့် မိုးစပါးခင်းနှင့် နွေစပါးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညအိပ်ရပ်နား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့က စိုက်ပျိုးထားသည့် ကြက်ဆူပင် ငါးဧက၊ အပင် ၆၅၀၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပုဂံညောင်ဦးမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့

သမိုင်းစဉ်ဆက် ထက်မြက်ရှင်သန် ဇာတိမာန် နိုင်ငံအင်အား မြန်မာအမျိုးသမီးများ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၆–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် – အစွန်းနှစ်ဖက်သို့မကပ်ပါမှ တရားတော်**
- ၉:၁၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၉:၁၆ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၉:၁၇ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **မြဝတီပေါ်ကရုပ်ရှင် ကိုရုပ်ဆိုးနှင့် ရွှေမင်းသမီး**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၃:၅၉ ၇။ အပိတ်နှုတ်ဆက်စကား
- ၁၄:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ– **Portugal Vs Iran (Delay)**
- ၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၆။ နိုင်ငံတကာသတင်း
- ၆:၂၀ ၇။ မိုးလေဝသသတင်း
- ၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၉။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆:၄၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၅၂)**
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၅။ **FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ–**Brazil Vs Australia (Live)**
- ၁၆။ သင့်အတွက်မနက်ဖြန်
- ၁၇။ အပိတ်နှုတ်ဆက်စကား
- ၁၈။ ပြီးပါပြီ။
- ၀၁:၃၀ ၁၉။ **(၁၉–၆–၂၀၀၆) နံနက်ပိုင်း FIFA WORLD CUP GERMANY 2006** ဘောလုံးပွဲ– **France Vs Korea (Live)**

ငရုတ်ကောင်းဧက ၁၀၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့နယ် မေယုကြိုးဝိုင်း အထူးကျွန်းစိုက်ခင်းအတွင်းတွယ်ကပ်စိုက်ပျိုးထားသည့် ငရုတ်ကောင်း ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရခိုင်ပြည်နယ်မှ

သစ်မာပင်များနှင့် ခြံစည်းရိုးကြက်ဆူပင် ၆၀၀၀ တို့ကို ပျိုးထောင်ထားရှိမှု၊ ဥယျာဉ်အတွင်းရှိ ပျိုးပင် ၃၉၇၅၄ ပင်ကို ဖြန့်ဝေထားရှိမှုနှင့် လက်ကျန်ပျိုးပင် ၆၈၇၂၀ကို ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀အနက် ၁၀ဧက စိုက်ပျိုးပြီးစီးမှုနှင့် ကျန် ၁၀ဧက စိုက်ပျိုးမည့် ကုန်းကြော မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မေယုကြိုးဝိုင်း အထူး ကျွန်းစိုက်ခင်းအတွင်း တွယ်ကပ်စိုက်ပျိုးထားသည့် အမယ်သစ်(အမည်သစ်) သီးနှံ ငရုတ်ကောင်း ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် မောင်တော–ဘူးသီးတောင် ကားလမ်းဘေးဝဲ/ယာ တစ်လျှောက်ရှိ မေယုသစ်တောကြိုးဝိုင်း အထူးကျွန်းစိုက်ခင်း အမှတ်(၇၁/၇၂)၌ ဖြစ်ထွန်းနေသည့် ကျွန်းပင်များကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘူးသီးတောင်မြို့နယ် ဂန္ဓမာစံပြကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ စိုက်ပျိုးပွဲသို့ တက်ရောက်၍ ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူနိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး၊ တိုင်းပြည်အတွက် အကျိုးရှိပြီး အရေးပါသည့် လုပ်ငန်းတစ်ရပ်အဖြစ် ခံယူစိုက်ပျိုးကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်တို့ကခြံစည်းရိုး ကြက်ဆူပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များအား ဝေငှပေးအပ်ကြသည်။

အမှတ်တရစိုက်ပျိုး

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ကြက်ဆူပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘူးသီးတောင်မြို့နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ရှိ သောင်းလုံးအောင်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ကို ဒေသခံပြည်သူတို့နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရေးနှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဗန္ဓုလခန်းမ၌ အင်ကြင်းမြိုင်စံပြကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံရာ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဦးသန်းအောင်က စံပြကျေးရွာ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စံပြကျေးရွာ ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ကျေးရွာ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်တို့က အင်ကြင်းမြိုင် စံပြကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများအတွက် အဝတ်အထည်မျိုးစုံ၊ စောင်၊ အားကစား ပစ္စည်းများနှင့် ကလေးကစားစရာ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ဘူးသီးတောင်မြို့ ဂန္ဓမာကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ဂန္ဓမာကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများအား ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ အားပေးစကား ပြောကြားသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ကျေးရွာသူ ကျေးရွာသားများအတွက် အဝတ်အထည်မျိုးစုံ၊ အနွေးထည်နှင့် စောင်များ၊ အားကစားပစ္စည်းများနှင့် ကလေးကစားစရာများကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ဘူးသီးတောင်မြို့ရှိ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စိုးက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ယခုအခါ နိုင်ငံတော်က စီးပွားရေးတိုးတက်လာရန် စီမံကိန်းများကိုချမှတ်ပြီး နှစ်စဉ် စီမံကိန်းလျာထားချက်များကို ဒေသအလိုက် လျာထားသတ်မှတ်ထားရာ လျာထားချက်ပြည့်မီရုံဖြင့် တာဝန်ကျေပြီဟု မယူဆဘဲ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်၍ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှသာ စီးပွားရေးကောင်းမွန်ပြီး တစ်ဦးချင်း ဝင်ငွေ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဘူးသီးတောင်ဒေသတွင် ဆန်ဖူလုံမှု ရှိသော်လည်း လျာထားချက်ထက် ပိုမို၍ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ရန် လိုကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ ဖြစ်သည့် ရော်ဘာကိုလည်း မေယုတောင်တန်းတစ်ခုလုံး ဖုံးလွှမ်းနိုင်သည်အထိ စိုက်ပျိုးကြရန်လိုကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းသည် ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့်သီးနှံဖြစ်ရာ နည်းလမ်းသုံးသွယ်ဖြင့် တိုးတက်နိုင်သမျှ တိုးတက်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ဇီဝဒီဇယ် လောင်စာဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကို ဘူးသီးတောင်မြို့နယ်အနေဖြင့် လျာထားချက်ထက် ကျော်လွန်အောင် တစ်တပ်တစ်အား စိုက်ပျိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်ရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် ငါးရပ်နှင့်အညီ ဆောင်ရွက်ရေး စသည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် ပြည်သူများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြောကြား

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဘူးသီးတောင်တပ်နယ်ရှိ ဗန္ဓုလခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

△ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

စားပေးရပါမည်။ သို့မဟုတ်ပါက သွေးအားနည်းခြင်း၊ အသားဓာတ်နည်း၍ ကိုယ်ခံအားနည်းခြင်း၊ ဖောရောင်ခြင်းများ ဖြစ်တတ်သည်။

အသက်အရွယ်ကြီးရင့်သူများသည် များများမစားနိုင်၍ နည်းနည်းစားရုံနှင့် အာဟာရပြည့်ဝစေနိုင်သည့် အစားအစာများကို ရွေးချယ်ပြီး စားသောက်ရန်လိုအပ်သည်။ မကြာခဏစားပေးရန်လည်းလိုသည်။ အရသာလည်းရှိပြီး အာဟာရဓာတ် လုံလောက်စွာ ရရှိစေရန် ရွေးချယ်ပြင်ဆင် ချက်ပြုတ်ရန် လိုသည်။

အချို၊ အဆီနှင့် အဆီအဆိမ့်များသည့် အစားအစာများ အလွန်အကျွံမစားပါနှင့်

အစားအစာကဲ့သို့ပင် ရေသောက်ခြင်းသည်လည်း အရေးကြီးသည်။ အချို့လူငယ်များသည် ရေအစား အချိုရည်များကို သောက်လာကြသည်။ ယင်းအချိုရည်များတွင် ပါသော သကြားမှ အင်အားဓာတ်ကိုဖြစ်စေရာ အင်အားဓာတ် အလွန်အကျွံရနေခြင်းကြောင့် ကိုယ်အလေးချိန်တိုးပြီး လူကို ဝစေသည်။ ထို့ကြောင့် အချိုရည်များများသောက်သုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ထို့အတူ အချိုဓာတ်၊ ဆီ၊ ထောပတ်၊ မလိုင်စသည်တို့ ပါဝင်သော သရေစာများဖြစ်သည့် ကိတ်မုန့်၊ ရေခဲမုန့်၊ ချောကလက်၊ အာလူးကြော်၊ ဆီကြော်မုန့်များ အလွန်အကျွံစားသုံးခြင်းကြောင့် အဝလွန်ခြင်း၊ သွေးတွင်း အဆီဓာတ်များခြင်းတို့ဖြစ်ကာ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားစေသည်။ ထို့အတူ အန္တရာယ်ကင်းသည့် အစားအစာများကို ရွေးချယ် စားသောက်တတ်ရန် လိုသည်။ အရောင်လှစေရန်နှင့် တာရှည်ခံစေရန် ဆိုးဆေးများ၊ အခြားဆေးဝါးများဖြင့် ပြုပြင်ထားသည့် အစားအစာများကို ရှောင်ရှားကြရန် လိုသည်။ အသားငါးများ အရောင်လှစေရန် သွေးရောင်ရဲရဲ ဆိုးဆေးများ သုတ်လိမ်းရောင်းချသည့် အသားများ၊ ဆေးဆိုးထားသည့် မှျစ်၊ လက်ဖက်၊ လက်ဖက်ရည် စသည့်အစားအစာများကို ကလေးဘဝမှစ၍ ရှောင်ကြဉ်ရန် လိုအပ်ပါမည်။ ဟင်းချိုမှုန့်ကဲ့သို့ ကျန်းမာရေးကို ထိခိုက်စေသည့် အရာကိုလည်း ရှောင်ကြဉ်ရပါမည်။ ထို့အတူ ရောဂါများမှ ကာကွယ်ပေးမည့် အိုင်အိုဒင်းဆားကိုလည်း အသုံးပြုရန်လိုသည်။

လူတို့အသက်ရှင်နေထိုင်ရေးအတွက် အစားအစာများ စားသောက်ရာတွင် လိုအပ်သည်များကို ပါအောင်၊ မလိုအပ်သည်များကို မပါအောင်နှင့် တန်ဖိုးသင့်တင့်စွာဖြင့် မိမိတို့ဒေသတွင် အလွယ်တကူ ရရှိနိုင်သည့် အစားအစာများကို အသိဉာဏ်နှင့်ယှဉ်၍ ရာသီအလိုက် ရွေးချယ်စားသောက်ခြင်းဖြင့် အသက်အရွယ်မရွေး ကျန်းမာသက်ရှည် အောင် နေထိုင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ စိုက်ပျိုးပွဲကို ဇွန် ၁၀ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်း မြေကွက်လပ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကိုလတ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစောချစ်ထွေးတို့ ကြည့်ရှုအားပေးစဉ်။ (မဝ)

ယခုကာလတွင် အမျိုးသားညီလာခံကျင်းပသည့် ခန်းမကြီး၊ အစုအဖွဲ့အစည်းအဝေးခန်းများ၊ တည်းခိုဆောင်များ၊ စားသောက်ဆောင်များမှအစ အဆောက်အအုံများအားလုံး ထိန်းသိမ်းပြင်ဆင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး၊ သစ်ပင်ပန်းမန်များ ဖြစ်ထွန်းလှပသာယာရေး ဆောင်ရွက်

❒ ရွှေ့ဖုံးမှ

ပြီးခဲ့သော အမျိုးသားညီလာခံတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်အခန်းနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခြင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့တို့က အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အကြံပြုချက်စာတမ်းများကို ရေးသားပြုစုခြင်း၊ ကိုယ်စားလှယ်အစုအဖွဲ့များတွင် စာတမ်းများ ဖတ်ကြားအတည်ပြုခြင်း၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုတင်ပြချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ စုစည်းကောက်နုတ် တင်ပြနိုင်ရန်အတွက် အစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အနေဖြင့် လာမည့် အမျိုးသားညီလာခံတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြသည့်စာတမ်းများကို စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ နောက်လာမည့်ညီလာခံတွင် တင်ပြဆွေးနွေးရန်ရှိသည့် ကျန်အခန်းခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကိုလည်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ တင်ပြသွားရန်ဖြစ်ကြောင်း။

အထူးသဖြင့် ယခုကာလတွင် အမျိုးသားညီလာခံ ကျင်းပသည့် ခန်းမကြီး၊ အစုအဖွဲ့အစည်းအဝေးခန်းများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ တည်းခိုဆောင်များ၊ စားသောက်ဆောင်များမှအစ အဆောက်အအုံများအားလုံး ထိန်းသိမ်းပြင်ဆင်ရေး၊ ဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး၊ သစ်ပင်ပန်းမန်များဖြစ်ထွန်း၍ လှပသာယာရေးတို့ကို အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအနက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က သိရှိအဆုံးအဖြတ်ပေးရမည့် ကိစ္စများနှင့် လာမည့် အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ကြိုတင်စီစဉ် ဆောင်ရွက်ရန်ကိစ္စများကို တင်ပြဆွေးနွေး ညှိနှိုင်းသွားမည်ဖြစ်၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် အမျိုးသားညီလာခံကို ခေတ္တရပ်နားပြီးနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့်ကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အရေးကြီးသည့် အမျိုးသားရေး လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည့်အားလျော်စွာ သမိုင်းမှတ်တမ်း အထောက်အထားများ ခိုင်ခိုင်မာမာ ကျန်ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းကိစ္စ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအခြေအနေနှင့် ဘဏ္ဍာငွေသုံးစွဲမှုကိစ္စများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံ ခေတ္တရပ်နားပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ခေတ္တရပ်နားပြီးနောက် အမျိုးသားညီလာခံ ကျင်းပရာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ညီလာခံတွင် အသုံးပြုသည့် ပစ္စည်းများ၊ ကိုယ်စားလှယ်များ အသုံးပြုသည့် ပစ္စည်းပစ္စယများကို စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ခြောက်သွေ့ရာသီတွင် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မိုးကာလတွင် လေမိုးဒဏ်ကြောင့် အဆောက်အအုံများ ပျက်စီးမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်နေမှု အခြေအနေ၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့အပြင်လာမည့် အမျိုးသားညီလာခံတွင် တင်သွင်းရန်ရှိသော စာတမ်းများကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီကတင်ပြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များက စိစစ်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး
(၂၁-၆-၂၀၀၆)
ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး
(၂၂-၆-၂၀၀၆)
ပထမအကြိမ် အာဆီယံ+ဂျပန် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး
(၂၁-၆-၂၀၀၆)

❀ စပါးမှ

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ရှိလေယာဉ်ပြေးလမ်းကို အသုံးပြုနိုင်စေရန် ပြုပြင်မွမ်းမံနိုင်မည့် အစီအစဉ်များကို ကြိုတင်စီမံထားရှိရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ် လေယာဉ်ပြေးလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိန်းလုံကျေးရွာ၌ ကျင်းပသော အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါး စံပြဧက ၁၀၀ စိုက်ခင်းကောက်စိုက်ပွဲနှင့် ထွန်တုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မူဆယ်ခရိုင်၌ ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်တင့်က မူဆယ်ခရိုင်၏ ၂၀၀၅–၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မူဆယ်ခရိုင် နွေစပါးအထွက်နှုန်း အကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တစ်ဧကအထွက်နှုန်း ၂၅၅ ဒသမ ၆၅ တင်းဖြင့် ပထမဆုရရှိသော နမ့်ခမ်းမြို့နယ် နောင်စန့်ကျေးရွာမှ တောင်သူဦးစိုင်းအိုက်အေးနှင့် တစ်ဧကအထွက်နှုန်း ၂၂၆ ဒသမ ၆၅ တင်းဖြင့် ဒုတိယဆုရရှိသော မူဆယ်မြို့နယ် နောင်လောင်းကျေးရွာမှ တောင်သူဦးရွက်ကျောင်းထွန်းတို့အား ဆုငွေနှင့် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က တစ်ဧကအထွက်နှုန်း ၂၁၀ ဒသမ ၂၅ တင်းဖြင့် တတိယဆုရရှိသော မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာမှ တောင်သူဦးဆွဲခမ်းလှိုင်အား လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက တစ်ဧကအထွက်နှုန်း ၂၀၅ ဒသမ ၅၂ တင်းဖြင့် နှစ်သိမ့်ဆုရရှိသော မူဆယ်မြို့နယ် ကြူကုတ်မှ တောင်သူဦးရွှတ်ငင်းအား လည်းကောင်း ဆုငွေနှင့် ဆုပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် များစွာဝမ်းသာပီတိဖြစ်ရပါကြောင်း။

ယင်းသို့ တိုးတက်အောင်မြင်မှုရရှိခြင်းမှာ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှု၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တောင်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး သတ်မှတ်ထားသော နည်းစနစ်များနှင့်အညီ စနစ်တကျစိုက်ပျိုးထုတ်လုပ်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ် အဖြစ်သတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း။

စိုက်ပျိုးရာတွင်စပါးအပြင် သီးထပ်သီးညှပ်များကိုပါ ရာသီအလိုက်ကြားညှပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေကာ ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ ပြည့်စုံဖူလုံလာစေမည်ဖြစ်ကြောင်း။

ထို့ပြင် ခြစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်မှ လျာထားသတ်မှတ်ချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဌာနဆိုင်ရာများက ဒေသခံတောင်သူများအား စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍပိုမိုတိုးတက်မြင့်မားလာစေရန် နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်းတိုးရေး ပန်းတိုင်ရည်မှန်းချက်များ အောင်မြင် ပြည့်မြောက်စေရေး၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လေ့လာမှတ်သားလိုက်နာကြပြီး ဆက်လက်ကြိုးပမ်းရေးတို့ကို လက်တွဲညီညီ အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများအတွက်ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀သိန်းကို ပြည်နယ်မန်နေဂျာ ဦးလှကြီးထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများသည် ဆင်းရွှေလီ မိုးစပါးကောက်စိုက်ပွဲ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တံတားတည်ဆောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်–လားရှိုးလမ်း မိုင်တိုင်အမှတ် (၂၄၀/၃) ရှိ နမ့်စိုင်သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိကြရာ တံတားကို တာဝန်ယူတည်ဆောက်နေသော Asia World Co.,မှ အင်ဂျင်နီယာ ဦးချစ်ထွန်းက တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မူလဘေလီသံပေါင်တံတားကိုလိုအပ်သော အခြားတံတားများတွင် ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်ရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့် သိပ္ပံစာသင်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ တိုးချဲ့ကျောင်းဆောင်သစ်နှင့် သိပ္ပံဆောင်ဖွင့်ပွဲ အခမ်းအနားကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ကချင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးမထုနော်နှင့် ကွတ်ခိုင်မြို့နယ် ပညာရေးမှူး ဒေါ်လှလှတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သိပ္ပံဆောင်ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိပ္ပံဆောင်အတွင်း၌ ကျောင်းသား၊ ကျောင်းသူများ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများဖြင့် ပညာသင်ကြားနေမှု၊ လက်မှုပညာနှင့် ပန်းချီပညာများ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ "မြန်မာ့ကျောင်း"သီချင်းဖြင့် တီးခတ်သီဆိုမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ နှင့် သိပ္ပံဆောင်များဖွင့်ပွဲအခမ်းအနားကို ကျောင်းရှိ ငြိမ်းချမ်းရေးခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၅) ကချင်တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင် ဦးမထုနော်က ကောင်းခါးဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြပြီး ကောင်းခါးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးငွေအောင်က ပညာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုးချဲ့ကျောင်းဆောင်သစ်နှင့် သိပ္ပံဆောင်ဆောက်လုပ်ရေးကော်မတီ နာယကအဖွဲ့ဝင် ကချင်တိုင်းရင်းသားအဖွဲ့မှ ဦးဇော်ယော်က အဆောက်အအုံများ ဆောက်လုပ်မှုဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်လှလှတင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဖွံ့ဖြိုးတိုးတက်လာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါးဒေသသည် တည်ငြိမ်အေးချမ်းသာယာမှုနှင့်အတူ ငြိမ်းချမ်းရေး၏ အသီးအပွင့်ဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီးတို့ အချိန်တိုအတွင်း များစွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရ၍ များစွာ ဝမ်းသာပီတိ ဖြစ်ရပါကြောင်း။

ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ယူဆည်းပူးလျက်ရှိသည့် ဒေသခံတိုင်းရင်းသားလူငယ်လူရွယ်များအား နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ပညာရည်မြင့်မားသော နိုင်ငံတော်ကအားထားရသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး၊ သက်ဆိုင်ရာပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများက စေတနာအပြည့်အဝထားကာ လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်နှင့် ယနေ့ကျောင်းသားလူငယ်များအနေဖြင့် ရရှိပြီးသော ငြိမ်းချမ်းရေးကို ဆက်လက်တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်ဆင့်ကမ်း တာဝန်ယူထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိကျောင်းတွင် ကွန်ပျူတာ အပါအဝင် သင်ထောက်ကူပစ္စည်းများလည်း အထိုက်အလျောက်ပြည့်စုံပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာပညာ၊ e-Learning Centre စသည်တို့ ကျွမ်းကျင်တတ်မြောက်စေရန် လက်တွေ့သင်ယူဆည်းပူး လေ့ကျင့်ကြရမည်ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းအတွက် ပညာရေး ထောက်ပံ့ပစ္စည်းများကို ကျောင်းအုပ်ကြီး ဦးငွေအောင်ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ကျောင်းရန်ပုံငွေများနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးအား လည်းကောင်း၊ တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများအတွက် ဝတ်စုံများကို ဆေးရုံအုပ် ဒေါက်တာကျော်ကျော်အား လည်းကောင်း အသီးသီးပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကောင်းခါးမြို့ ငြိမ်းချမ်းရေးလမ်းရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကချင်တိုင်းရင်းသားအဖွဲ့ရုံးသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့က ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၅) ကချင်တိုင်းရင်းသားအဖွဲ့အတွက် ဆန်နှင့် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ဦးမထုနော်က အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့အား ဂါရဝပြု လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)ကုန်းမြင့်လယ်ယာနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးခြံသို့ သွားရောက်ရာ အဖွဲ့ခေါင်းဆောင် ဦးမထုနော်က ကုန်းမြင့်လယ်ယာ ဧက ၇၀၀ ဖော်ထုတ်ရေးနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်နေမှုကို ပဏာမရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒေသတာဝန်ခံဦးဘိုရွှေက ကောင်းခါးဒေသ၌ သီးနှံများစိုက်ပျိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားကာ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ကွတ်ခိုင်–လားရှိုး လမ်းအတိုင်း လားရှိုးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဇွန် ၁၅ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ နှစ်ရှည် လိုက်ချီး၊ ပျားလိမ္မော်နှင့် နာနတ်စိုက်ခင်း၊ ခြစည်းရိုးကြက်ဆူပင်မျိုးသန့် ဧက ၁၀၀ မျိုးပွားသုတေ သနစိုက်ခင်း၊ သုတေသနပျိုးဥယျာဉ်၌ ခြစည်းရိုး ကြက်ဆူပင် အပင် ၅၀၀၀ ကြီးထွားရှင်သန်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားကာ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ဇွန် ၁၆ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ်ခရိုင် နွေစပါးအထွက်နှုန်း အကောင်းဆုံးပထမဆုရ တောင်သူဦးစိုင်းအိုက်အေးအား ဆုငွေနှင့် ဆုပစ္စည်းများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပညာသင်ထောက်ပံ့ကြေး ပေးမည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ သားသမီးများ ပညာသင်ကြားရေးတွင် ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရုပ်ရှင်အစည်းအရုံးခန်းမ၌ အခမ်းအနားဖြင့်ပေးအပ်ရန် စီစဉ်ထားရှိပြီးဖြစ်ရာ ပညာသင်ထောက်ပံ့ကြေးရယူလိုသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များသည် သတ်မှတ်သောစည်းကမ်းများနှင့်အညီ အမှတ် ၁၆ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဇွန် ၂၂ ရက် နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့နိုင်သည်။ (သတင်းစဉ်)

ဝိုင်အမ်ဘီအေ အသင်း အဘိဓမ္မာသင်တန်းဖွင့်ပွဲနှင့် အသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် ငွေအားလူအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမှုဆောင်များအားဂုဏ်ပြုပွဲကို ဇွန် ၁၇ ရက်က ဝိုင်အမ်ဘီအေ အသင်း ခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီ(အငြိမ်းစားသံအမတ်ကြီး) က အသင်းဂုဏ်ထူးဆောင်ဒုတိယဥက္ကဋ္ဌ ဦးရဲထွန်းသို့ ဂုဏ်ပြုလွှာနှင့် လက်ဆောင်ပေးအပ်စဉ်။ (၂၃)

တောတိုက်ဓမ္မရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရအမှူးပြုသည့် ပရိယတ်၊ ပဋိပတ် ဝါဆိုသံဃာတော် ၂၈၀ကျော်တို့အား ဝါဆိုလပြည့် ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ ဝါဆိုသင်္ကန်းစသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း–၆၃၅၄၂၄၊ ၆၃၅၀၂၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

ကျိုက်လတ်မြို့ နယ်အသင်း ဝါဆိုသင်္ကန်း ကပ်မည်

ရန်ကုန် ဇွန် ၁၇

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ရောဝတီတိုင်း ဓမ္မာရုံတွင် ဇူလိုင်၉ရက် (ဝါဆိုလပြည့်နေ့)နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သားများ ကြွရောက်ကြည်ညိုပါရန်နှင့် လှူဒါန်းလိုသောအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အသင်းရုံးဖုန်း–၅၀၁၅၁၈၊ ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၂၊ ဦးသိန်းလွင် ဖုန်း–၂၅၁၂၇၅၊ ဦးကျော်ရင် ဖုန်း–၅၆၀၅၂၀ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၆–၂၀၀၆ (တနင်္ဂနွေနေ့)

၁၃၆၈ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Say it in English.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	**နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"**
၁၁း၅၅	၅။	မရမ်းကုန်းရေထိန်းတံခါး
၁၂း၀၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "ဣတ္ထိရုပ်ခန်" (ဝေဠုကျော်၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–အေးကျော်)**
၂း၀၀	၇။	တေးဂီတအစီအစဉ်
၂း၁၀	၈။	အကပြိုင်ပွဲ
၂း၁၅	၉။	**"မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၂း၃၀	၁၀။	လမူးတံတား
၂း၄၅	၁၁။	International News.
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄း၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅း၀၀	၅။	လက်ဆင့်ကမ်းအမွေ
၅း၀၅	၆။	တေးဂီတအစီအစဉ်
၅း၁၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	Discovery
၆း၄၅	၁၁။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆း၅၅	၁၂။	ကျေးလက်တစ်ခွင် တိုးတက်စည်ပင်
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း–၆)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်"(အပိုင်း–၅၄) (ဇာတ်သိမ်းပိုင်း)**
	၁၈။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောတွင်းတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇွန် ၁၆ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Summit Pakt View ဟိုတယ်၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြန်မာနိုင်ငံ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းသည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကမ္ဘာမြေလောက ရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ရည်ရွယ်ချက်ခုနစ်ရပ် ချမှတ်ပြီး မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောတွင်းတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ အသင်း၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ကူညီအားပေးပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်မောင်ဝင့်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးစစ်ဗိုလ်က နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းတို့ကို ရှင်းလင်းတင်ပြ၍ အသင်းသားများ၏ အကြံပြုချက်များကို အထွေထွေ အတွင်းရေးမှူး ဦးအုန်းက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အသစ်များ၏ အမည်ကို ဖတ်ကြားတင်ပြပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆိုပါအသင်းကို ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် တည်ထောင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဂျပန်၊ အင်္ဂလန်နှင့် ဂျာမနီနိုင်ငံများမှ အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့များနှင့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အသင်းသည် ကလောဒေသတွင် ကျေးလက်နေပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘိုကလေးမြို့နယ်တွင် ဒီရေတောများ ပြန်လည်စိုက်ပျိုး ထိန်းသိမ်းရေး၊ ညောင်ဦးမြို့နယ်တွင် အပူပိုင်းဒေသသီးနှံသစ်တော ရောနှောစိုက်ပျိုးရေး၊ အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်တွင် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် M.Sc ဘွဲ့အတွက် လေ့လာသူ ၁၉ ဦး၊ Ph.D ဘွဲ့အတွက် လေ့လာသူ ၂၉ ဦး စုစုပေါင်း ၄၈ ဦးတို့အား ပညာသင်ဆုများကို ပံ့ပိုးပေးလျက်ရှိသည်။ (သတင်းစဉ်)

အာဆီယံ-ဂျပန်ကလေးသူငယ်များ၏ သနားကြင်နာခြင်းအကြောင်းအရာ ပန်းချီပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၇

အာဆီယံ-ဂျပန် ကလေးသူငယ်များ၏ (Kindness) သနားကြင်နာခြင်းအကြောင်းအရာ ပန်းချီပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ယဉ်ကျေးမှုဗိမာန်အစည်းအဝေးခန်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အာဆီယံ-ဂျပန် ကလေးသူငယ်များ၏ သနားကြင်နာခြင်း အကြောင်းအရာ ပန်းချီပြိုင်ပွဲ ကျင်းပရခြင်းမှာ မိမိတို့ ပတ်ဝန်းကျင်ရှိ သနားကြင်နာခြင်းဆိုင်ရာ လူမှုစောင့်ရှောက်နေမှုများကို အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ကလေးသူငယ်များ အာရုံစိုက်လာစေရန်၊ လူမှုစောင့်ရှောက်ရေး အဖွဲ့အစည်းများ၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နေပုံများကို အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ သိရှိနားလည်စေရန်အတွက် အသက် (၁၂) နှစ်နှင့် (၁၂)နှစ်အောက် ကလေးသူငယ်များ၏ သနားကြင်နာခြင်းအကြောင်းအရာ ပန်းချီပြိုင်ပွဲ ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲများကို နိုင်ငံအလိုက် ပန်းချီပြိုင်ပွဲများ ကျင်းပပေးရန် အဖွဲ့ဝင် အာဆီနိုင်ငံများမှ တစ်နိုင်ငံလျှင် ပန်းချီကားအချပ် ၂၀ စီ အကောင်းဆုံးအဖြစ် ရွေးချယ်သတ်မှတ် ဆုချီးမြှင့်ပြီး ဆုရပန်းချီကားများကို ပြပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ ပေးပို့မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ပန်းချီကားများကို ဇူလိုင် ၇ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ မြန်မာနိုင်ငံအာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန (အမျိုးသားပြတိုက် အဆောက်အအုံ) အမှတ်(၆၆/၇၀)ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မိမိတို့သက်ဆိုင်ရာ ကျောင်းများသို့ ဆက်သွယ်၍ ပန်းချီ ပြိုင်ပွဲဆိုင်ရာ စည်းကမ်းချက်များကို လေ့လာနိုင်ကြောင်းနှင့် ရွေးချယ်ခံရသည့် ပန်းချီကားများအတွက် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

သိက္ခာတော်(ကံ)ထပ်နှင့် ဝိဇာတမွေးနေ့မင်္ဂလာ

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြို့ သုဝဏ္ဏချမ်းအေးရိပ်သာ ကျောင်းတိုက်မှ အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ) အရှင်မြတ်၏ သိက္ခာတော်(ကံ)ထပ်နှင့် ဝိဇာတမွေးနေ့မင်္ဂလာကို ဇွန် ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ သံဃာတော်အပါး၂၀အား သိမ်ဆင်းလောင်းလှူမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

ချောင်လေ ဝေးဝေး မူးယစ်ဆေး

အင်တာနက်သတင်း

အိန္ဒိယသမုဒ္ဒရာတွင် သုတေသနပြုလုပ်နေသော ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသမုဒ္ဒရာ၏ လေထုလွှာအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း တွေ့ရ

စင်ကာပူ ဇွန် ၁၆

အိန္ဒိယသမုဒ္ဒရာပေါ်ရှိ လေထုလွှာညစ်ညမ်းမှုအခြေအနေကို တစ်နှစ်ကြာမျှ စောင့်ကြည့်လေ့လာခဲ့ရာတွင် လေထုလွှာအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း ဇွန် ၁၆ ရက်တွင် ထုတ်ပြန်သည့် သုတေသနလေ့လာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယသမုဒ္ဒရာ၏ လေထုလွှာနမူနာများကို တစ်နှစ်ကြာမျှ စုဆောင်းရယူကာ လေ့လာခဲ့ရာ၌ လေထုလွှာအရည်အသွေး ပိုမိုမြင့်မားလာသည်ကို ရှာဖွေတွေ့ရှိရကြောင်း စင်ကာပူတိုင်းနယ်သိပ္ပံ တက္ကသိုလ် သုတေသနအဖွဲ့၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ ဒေသတွင်းရှိ နိုင်ငံများတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများက တားမြစ်ပိတ်ပင်ခံထားရသော ဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများကို တရားဥပဒေချိုးဖောက်က သုံးစွဲမှုများရှိခြင်းဖြင့် လေထုလွှာအတွင်း ကျေပျက်လွယ်ခြင်းမရှိသော အော်ဂင်းနစ် ညစ်ညမ်းပစ္စည်းများ (Persistent organic Pollutants) တိုးပွားစေနိုင်ကြောင်း၊ လေထုလွှာတွင် ညစ်ညမ်းသည့် မြူမှုန်များရှိနေခြင်းဖြင့် လူတို့တွင် ကင်ဆာရောဂါနှင့် အာရုံကြောဆိုင်ရာ ရောဂါဘယများ ခံစားရနိုင်ကြောင်းလေ့လာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မိခ/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်တင်တင်မြ၊ ဒေါ်ခင်နွယ်နွယ်၊ ဒေါက်တာသန်းဦးနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်မင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာ အကြိုဆန်းစစ်ခြင်းကို ပြုလုပ်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်သက်မြင့်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါက်တာသန်းဦးတို့က ကျန်းမာရေးပညာပေးဟောပြောကြပြီး ဆုရရှိသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ဆုများကို ချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ဇွန် ၁၃ ရက်တွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး (**အပေါ်ပုံ**) ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်စန္ဒာက ဆယ်အိမ်စုမှူးရွေးချယ်ပုံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေ ယဉ်နှင့် အဖွဲ့ဝင်များ၊ ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရီရီရင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းသို့ သင်တန်းသူ ၃၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၁၈-၆-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူများ၏ အဓိကလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖြစ် ဓာတ်အားအပြည့်အဝရရေး ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်နေ ပြည်သူများစိတ်ချမ်းသာရန်နှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် အရေးကြီး

ရန်ကုန် ဇွန် ၁၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၆ ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်က ခရိုင်တွင်းရှိ မြို့နယ်များသို့ သာကေတဓာတ်အားပေးစက်ရုံနှင့် ရွာမဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေများ၊ မီးသုံးသူဦးရေနှင့် ဓာတ်အားရောင်းရမှုယူနစ်များအခြေအနေ၊ ခရိုင်အတွင်း၌ရှိသော ဌာနပိုင်ဓာတ်အားခွဲရုံများ၊ ပုဂ္ဂလိကနှင့် အခြားဌာနများ၏ ဓာတ်အားခွဲရုံများ အခြေအနေများ လျှပ်စစ်ဓာတ်အားရရှိမှု၊ ဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးက ပြည်သူများကို လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရရှိသောလျှပ်စစ်ဓာတ်အားကို ပျောက်ဆုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏ အဓိကလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖြစ်သဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးကို ရည်မှန်းချက်တစ်ခုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ စိတ်ချမ်းသာရန်နှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် အရေးကြီးကြောင်း၊ ပြည်သူထဲမှ ပေါက်ဖွားလာသော ပြည်သူ့ဝန်ထမ်းများ ဖြစ်သဖြင့် ပြည်သူများအတွက် စဉ်းစားပေးရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားကို တရားမဝင် ခိုးယူသုံးစွဲသူများအား အမြန်ဆုံးဖော်ထုတ်ရန် လိုကြောင်း ဖြင့်ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစံမင်းက လျှပ်စစ်ဓာတ်အားခ ကောက်ခံရရှိမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် အလုပ်လုပ်ရာတွင်လည်း တစ်သမတ်တည်း မလုပ်ဖို့လိုကြောင်း၊ သူ့ခေတ်နှင့်သူ ကိုက်ညီမှုရှိရန်လည်း လိုကြောင်း၊ မကောင်းသော အကျင့်စရိုက်များကိုလည်း ရှောင်ရှားဖို့လိုပါကြောင်း၊ မသမာသော နည်းလမ်းများကို မလုပ်ဖို့လိုကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ဝင်ငွေအများဆုံးရှာပေးနိုင်သောဌာနဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုကြောင်း၊ တစ်ဦးတစ်ယောက်ကောင်း အလုပ်မလုပ်ဘဲ စုပေါင်းဆောင်ရွက်ဖို့လိုကြောင်း၊ ဌာနတစ်ခုတွင် ဖွဲ့စည်းပုံသည် အသက်ဖြစ်သဖြင့် ဖွဲ့စည်းပုံမှန်ဖို့လိုကြောင်း၊ ပြည်သူများ တောင်းတသော အလင်းဓာတ်ကိုပေးစွမ်းသဖြင့် ကုသိုလ်လည်းရကြောင်း၊ အမျိုးမျိုးသော နှောင့်ယှက်မှုများကိုလည်း လုံခြုံရေးသတိအမြင် ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူအားကိုးသော ဝန်ထမ်းများဖြစ်ရန် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊မိမိတို့ဝန်ထမ်းများသည်လည်း ပြည်သူထဲမှ ပြည်သူများဖြစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်ဝန်ကြီးသည် လျှပ်စစ်ဓာတ်အားခ ပေးသွင်းသည့်နေရာသို့ ရောက်ရှိ၍ ဓာတ်အားခ ကောက်ခံမှုအခြေအနေများကိုကြည့်ရှုပြီးဓာတ်အားခလာရောက်ပေးသွင်းသော ပြည်သူများအား လျှပ်စစ်ဓာတ်အားခရရှိမှုအခြေအနေနှင့် ဓာတ်အားခနှုန်းထားသစ်များ ပြင်ဆင်ခြင်းကြောင့် တွေ့ကြုံရသော အခက်အခဲများကိုမေးမြန်းကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် ခွဲရုံအတွင်း လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှု စနစ်များကိုလည်းကောင်း၊ 10 MVA ထရန်စဖော်မာမှ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေနှင့် သာကေတ သဘာဝဓာတ်ငွေ့စက်ရုံမှလာသော 33KV MOGE လိုင်း တည်ဆောက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂) သန်လျင်တံတားအနီး၌ တည်ဆောက်ထားရှိသော သာကေတ-သန်လျင် 66KV ဓာတ်အားလိုင်း သာကေတခွဲရုံမှ သန်လျင် ဘုရားကုန်းခွဲရုံသို့ သွယ်တန်းထားသော 66 KV ဓာတ်အားလိုင်းရှိ ပဲခူးမြစ်ကျော် တာဝါတိုင် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပဲခူးမြစ်ကျော် တာဝါတိုင်လိုင်းအရှည် ၁၂ မိုင်ရှိ တာဝါတိုင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံ အရှေ့ပိုင်းမြို့နယ်ရှိ 66/33/11 KV (30 MVA) ဓာတ်အားခွဲရုံသို့ ရောက်ရှိရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင့်ဇော်ဦးက ဓာတ်အားခွဲရုံနှစ်ရုံ၏ တည်ရှိမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုအခြေအနေ၊ ဖြန့်ခွဲမှုအခြေအနေများကိုတင်ပြပြီး ဝန်ကြီးကလိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ခွဲရုံဝင်းအတွင်း 30 MVA နှင့် 10 MVA တို့ ဓာတ်အားပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းအေးက ဓာတ်အားလိုင်းများ တည်ဆောက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံတက္ကသိုလ် ဓာတ်အားခွဲရုံအနီးတွင် အသစ်တည်ဆောက်မည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရုံးသစ်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးသစ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ဒဂုံတက္ကသိုလ် ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိ၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရရှိသောလျှပ်စစ်ဓာတ်အားကို ပြည်သူများသို့ အချိုးကျ ခွဲဝေဖြန့်ဖြူးပေးမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ပြောကြားသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးပုသင်နှင့် မိခင်ကြီး ဒေါ်အုန်းစိန်တို့အား ရည်စူး၍ ရန်ကုန်တိုင်း တွံတေးမြို့နယ် ခလုတ်ကျေးရွာနေ ဦးငွေဇင်-ဒေါ်သွယ်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)



မုတ်သုံလေ အားနည်းနေမည်

၂၀၀၆ ခုနှစ် ဇွန် ၁၇ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၃ဒသမ ၆၂လက်မ၊ ဂွမြို့တွင် ၂ဒသမ ၄၀လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ ၂၄လက်မ၊ သံတွဲမြို့တွင် ၁ဒသမ ၉၇လက်မ၊ မြိတ်မြို့တွင် ၁ဒသမ ၆၉လက်မနှင့် ရွှေဘိုမြို့တွင် ၁ဒသမ ၂၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အများအားဖြင့် အားအနည်းငယ်သာ ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၁၈ ရက် ညနေအထိ ခန့်မှန်းချက်

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်)	**၁၆-၆-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်)	**၁၇-၆-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း	**၁၇-၆-၂၀၀၆**
နေပူသည့်နာရီပေါင်း ၂ ဒသမ ၂ နာရီခန့်	**၁၆-၆-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၇-၆-၂၀၀၆	၀ . ၁၄လက်မ	၀ . ၀၈လက်မ	မရှိ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၂၁ . ၅၀ လက်မ	၂၉.၃၇ လက်မ	၃၃ . ၃၁ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၆-၂၀၀၆ရက် ၁၅း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

အားကစားသတင်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပေါ်တူဂီက အီရန်ကို အနိုင်ရ

ဖရန့်ဖတ် ဇွန် ၁၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)မှ ပေါ်တူဂီအသင်းနှင့် အီရန်အသင်းတို့ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် ဇွန် ၁၇ရက်က ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၆၂မိနစ်တွင် ဘာစီလိုနာအသင်းတွင် ကစားနေသည့် ဒီကိုက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် ၇၈မိနစ်တွင် ပြစ်ဒဏ်ဘောကန်သွင်းခြင်းမှတစ်ဆင့် ရော်နယ်ဒိုက သွင်းယူနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းသည် ယခုပွဲတွင် အနိုင်ရရှိပြီးနောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အင်တာနက်။

ပေါ်တူဂီနောက်တန်းကစားသမား ဖာနန်ဒိုမေရာ(ယာ)က အီရန် တိုက်စစ်မှူး ဗာဟစ်ဟာရှီ ဗီးယမ်နှင့်ယှဉ်ကာ ဘောလုံးကို ရယူထိန်းချုပ်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

လေးနှစ်တာ ကြိုးပမ်းခဲ့သမျှ အရာထင်လို ဂျပန်နည်းပြ ဇစ်ကို ပြောကြား

ဘွန်ဘတ် ဇွန် ၁၇

မိမိတို့ ဂျပန်လက်ရွေးစင်အသင်းသည် လက်ရှိကျင်းပနေသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် လေးနှစ်တာ ကြိုးပမ်းခဲ့ကြောင်း၊ ဇွန် ၁၈ရက်တွင် ကစားရမည့်ပွဲတွင် မိမိတို့အသင်းက ခရိုအေးရှားအသင်းကို အနိုင်မရပါက လေးနှစ်လေးမိုး ကြိုးပမ်းခဲ့ရမှုမှာ အရာထင်မည်မဟုတ်ကြောင်း ဂျပန်လက်ရွေးစင်အသင်းနည်းပြ ဇစ်ကိုက ဇွန် ၁၇ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဇွန် ၁၈ရက်၌ ကျင်းပမည့်ပွဲတွင် မိမိတို့အသင်း သုံးမှတ်ရရှိရန်လိုအပ်ကြောင်း၊ ခရိုအေးရှားအသင်းကို မိမိတို့အသင်း အနိုင်ရရှိပြီး ဘရာဇီးအသင်းနှင့် ကစားရမည့်ပွဲတွင် သရေကျပါက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိတို့အသင်း ဆက်လက်ရှိနေမည်ဟု ဂျပန်အသင်းသားများအားလုံးကို မိမိအမြဲတစေ ပြောကြားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဇစ်ကိုက ပြောကြားသည်။ ဂျပန်အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန် ၂၂ရက်တွင် ဘရာဇီးအသင်းနှင့် ဒေါ့မွန်းမြို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂျပန်အသင်းသည် ဇွန် ၁၂ရက်က သြစတြေးလျအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ **အင်တာနက်။**

ပြင်သစ်ကွင်းလယ်ကစားသမား မာလူဒီ ပါဝင်ကစားရန် အသင့်ရှိနေ

ဟမ်မယ်လင် (ဂျာမနီ) ဇွန် ၁၆

ပြင်သစ်ကွင်းလယ်ကစားသမားဖလောရင့်မာလူဒီသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားရန် ယခုအခါကျန်းမာရေးနှင့် ပြည့်စုံနေပြီဖြစ်ကြောင်း ဇွန် ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဖလောရင့်မာလူဒီသည် ဆွစ်ဇာလန်အသင်းနှင့် ပထမဆုံးကစားရသည့်ပွဲတွင် နာမကျန်းဖြစ်နေမှုကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပေ။

မိမိသည် မြင်းသရိုက်ဝေဒနာ (လိပ်ခေါင်းရောဂါ)ကို ခံစားခဲ့ရကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပချိန်မျိုးတွင် နေထိုင်မကောင်းဖြစ်ခြင်းမှာ အလွန်ဝမ်းနည်းဖွယ်ပင်ဖြစ်ကြောင်း မာလူဒီက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ ဘင်္ဂလိုမြို့တွင် အိုင်ဘီအမ် ကုမ္ပဏီဝန်ထမ်းများအား သမ္မတ အဗ္ဗဒူကာလမ် ဇွန် ၁၇ရက်က မိန့်ခွန်းပြောကြားနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံ၏ အိုင်တီဈေးကွက်တွင် အိုင်ဘီအမ်ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်

ဘင်္ဂလို ဇွန် ၁၇

ကမ္ဘာပေါ်ရှိ သတင်းအချက်အလက်နည်းပညာ (အိုင်တီ)ကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သော အိုင်ဘီအမ်ကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု သုံးဆမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဆမ်မြူယယ် ပယ်မစ်ဆာနိုက စနေနေ့တွင် ပြောကြားသည်။

အိုင်ဘီအမ်ကုမ္ပဏီသည် လာမည့်သုံးနှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အိုင်ဘီအမ်အကြီးအကဲနှင့် ဘင်္ဂလိုမြို့ရှိ အိုင်ဘီအမ်ကုမ္ပဏီ အလုပ်သမားများ တွေ့ဆုံဆွေးနွေးပွဲတွင် ပယ်မစ်ဆာနိုက ပြောကြားသည်။ ဘင်္ဂလိုမြို့သည် အိန္ဒိယနိုင်ငံတွင် သတင်းအချက်အလက်နည်းပညာလုပ်ငန်းများ၏ ဗဟိုအချက်အချာမြို့ ဖြစ်သည်။

မိန့်ခွန်းပြောကြား

အိန္ဒိယနိုင်ငံတွင် ကွန်ပျူတာသုံးစွဲမှု ခေတ်စားနေပြီး သတင်းအချက်အလက်နည်းပညာ တိုးတက်ဖွံ့ဖြိုးလျက်ရှိရာ မိမိတို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည်ဖြစ်ကြောင်း အိုင်ဘီအမ်ကုမ္ပဏီ၏ တွေ့ဆုံဆွေးနွေးပွဲတွင် ပယ်မစ်ဆာနိုက ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ အိန္ဒိယသမ္မတ အေပီဂျေ အဗ္ဗဒူကာလမ် တက်ရောက်ကာ မိန့်ခွန်းပြောကြားသည်။

စက်ရုံခွဲများ

အိုင်ဘီအမ်ကုမ္ပဏီသည် ဘင်္ဂလိုမြို့တွင် ကွန်ပျူတာထုတ်လုပ်ရေး စက်ရုံဖွင့်လှစ်ထားသည့်အပြင် မြို့တော် နယူးဒေလီ၊ မွမ်ဘိုင်း၊ ကိုလ်ကတ္တားနှင့် ပူနေးမြို့တို့တွင်လည်း စက်ရုံခွဲများကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြသည်။ အိန္ဒိယနိုင်ငံရှိ မြို့ကြီး ၁၄မြို့တွင် အိုင်ဘီအမ်ကုမ္ပဏီအလုပ်သမားပေါင်း ၄၃၀၀၀ ရှိသည်။

အင်တာနက်။

လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးပြိုင်ပွဲဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် “လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး”ဆိုင်ရာ ဆောင်းပါးပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ဇွန် ၁၅ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ပထမဆုကို “ထွန်းအောင်သော်(သမိုင်းဂုဏ်ရည်)”၊ ဒုတိယဆုကို “လှထွန်းဦး(လယ်/ဆည်)”၊ တတိယဆုကို“မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)”၊ နှစ်သိမ့်ဆုများအဖြစ် ခင်မောင်ချို (ကညွတ်ကွင်း)၊ မျိုးအောင်ဆွေ (ဆေး–သု)၊ မောင်မြင့်စိုး(အမရပူရ)၊ ကြည်ထွန်း(လူမှုဝန်ထမ်း)၊ ကိုရေချမ်းတို့နှင့် အထူးဂုဏ်ပြုဆုကို သိပ္ပံမှူးတင်တို့အား ရွေးချယ်လိုက်သည်။

ဆက်သွယ်မေးမြန်းနိုင်

ဆုချီးမြှင့်မည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ဆုရရှိသူများထံသို့ အချိန်မီ အကြောင်းကြားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲနှင့် ပတ်သက်၍ ဦးကျော်စိန်သန်း (တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်) အောင်ဆန်းအားကစားပြိုင်ကွင်း ရန်ကုန်မြို့ ဖုန်း–၃၇၄၅၀၂ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း

နှလုံးနှင့်ကင်ဆာရောဂါ ဘေးအန္တရာယ် ရေနွေးကြမ်းသောက်မှုဖြင့် လျှော့ချပေးနိုင်ဖွယ်

တိုကျို ဇွန် ၁၇

ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးရောဂါနှင့်အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိသော်လည်း ယင်းရောဂါဖြစ်ပွားမှုနှုန်းသည် ဆေးလိပ်သောက်သည့်ဓလေ့ အများဆုံးရှိနေသည့်အာရှနိုင်ငံများတွင် နည်းပါးလျက်ရှိသည်။

အာရှတွင် နှလုံးနှင့် အဆုတ်ကင်ဆာဖြစ်ပွားနှုန်း နည်းပါးရခြင်းသည် ရေနွေးကြမ်းသောက်သုံးမှုကြောင့် ဖြစ်နိုင်သည်ဆိုသော အထောက်အထားများကို ပိုမိုတွေ့ရှိနေပြီဖြစ်ကြောင်း သုတေသီများကပြောကြားသည်။

ရေနွေးကြမ်းသောက်မှုဓလေ့ကြောင့် နှလုံးကျန်းမာရေးပိုမိုကောင်းမွန်နိုင်ပြီး အဆုတ်ကင်ဆာ ရောဂါဖြစ်ပွားမှုနှုန်းလျော့ပါးစေနိုင်ကြောင်း ယေးလ်တက္ကသိုလ်မှ သုတေသီများက ဆေးဘက်ဆိုင်ရာ ဂျာနယ်တစ်စောင်တွင် အသေးစိတ်ရေးသားထားသည်။

လက်ဖက်ရည်ကြမ်းတွင် ကက်တချင် (Catechin)အမည်ရှိအက်ဆစ်ဒြပ်ပေါင်းဓာတုပစ္စည်း စုဝေးလျက်ရှိပြီး ယင်းဓာတ်ကြောင့် ကျန်းမာရေးအရ အကျိုးဖြစ်ထွန်းမှုများရရှိနိုင်ဖွယ်ရှိကြောင်း သုတေသီများကဖော်ပြသည်။

ဂျပန်၊တရုတ်နှင့် အာရှနိုင်ငံများတွင် ရေနွေးကြမ်းသောက်သည့် ဓလေ့ထွန်းကားလျက်ရှိပြီး ယင်းလက်ဖက်ရည်ကြမ်းတွင် ကက်တချင်ဓာတ်ပါဝင်မှုနှုန်းသည် အနောက်နိုင်ငံများသောက်သုံးနေသည့် လက်ဖက်ရည်ကြမ်း (ဘလက်တီး)ထက် ပိုမိုများပြားသည်။ **အင်တာနက်။**

ဂျပန်နိုင်ငံမှ ပြည်ပသို့ တင်ပို့ရောင်းချသောလက်ဖက်ခြောက် ထုပ်တစ်မျိုးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၆–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၉း၂၀	Sunday Talk [ဦးမျိုးမြတ်သူ၊ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၇း၀၅	စားကောင်းမယ့် ထမင်းတစ်လုတ်	၁၀း၁၅	တေးဂီတအစီအစဉ်
၇း၂၀	တေးဂီတအစီအစဉ်	၁၀း၂၀	သန့်ရှင်းလတ်ဆတ် စံချိန်မီမြန်မာ့ချက်နို့ဆီ
၇း၂၅	Myanmar Video˚Rhythm	၁၀း၅၅	တေးဂီတအစီအစဉ်
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း–၁)	၁၁း၁၀	လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း
၈း၅၀	တေးဂီတအစီအစဉ်	၁၁း၂၀	တေးဂီတအစီအစဉ်
၈း၅၅	မိုးလေဝသခန့်မှန်းချက်	၁၁း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	တည်ငြိမ်အေးဆေးစွာ တရားဘာဝနာ အားထုတ်နိုင်စရာ	၁၁း၃၀	နိုင်ငံတကာအနုပညာရေးရာ (ကောင်ထက်ဇော်၊မွန်မွန်)
၉း၁၀	တေးဂီတအစီအစဉ်	၁၁း၅၅	တေးဂီတအစီအစဉ်
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ဘရာဇီးနှင့်ပြင်သစ်အားကောင်းပြီး ဂျပန်နှင့်ခရိုအေးရှားပွဲကောင်းမည်

ဇွန် ၁၈ ရက် (ယနေ့) ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှာ ၁၀ ရက်မြောက်အဖြစ် ဆက်လက်ကျင်းပမည်။ အုပ်စု(က)မှ အီကွေဒေါနှင့်ဂျာမနီ၊ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ဆွီဒင်၊ အုပ်စု(ဂ)မှ အာဂျင်တီးနားနှင့် နယ်သာလန်(ခေါ်) ဟော်လန်တို့သည် အုပ်စုတက်ရန် သေချာသလောက် ရှိသွားပြီဖြစ်သည်။

ယနေ့ပွဲစဉ်အဖြစ် ဂျပန်နှင့်ခရိုအေးရှား၊ ဘရာဇီးနှင့် ဩစတြေးလျ၊ ပြင်သစ်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဂျပန်နှင့်ခရိုအေးရှား

၁၈–၆–၂၀၀၆
နျူရင်ဘတ်ကွင်း
အချိန်–ည ၇း၃၀နာရီ၊
တနင်္ဂနွေနေ့
(မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

ဩစတြေးလျကို ဂျပန်က သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးထားသည်။ ခရိုအေးရှားကလည်း ဘရာဇီးကို ရှုံးထားသည်။ အရှုံးနှစ်သင်း ကစားမည့်ပွဲဖြစ်သည်။

ဘရာဇီးကို ခရိုအေးရှားရှုံးသော်လည်း ယှဉ်ကစားနိုင်သည်။ အခြေခံဘောလုံးနည်းစနစ်များ ကျွမ်းကျင်ပိုင်နိုင်ပြီး အင်နှင့်အားနှင့် ကစားနိုင်သည်။ တစ်ဦးချင်း ထူးချွန်ပြောင်မြောက်သည့် ကစားသမားများ မရှိသောကြောင့်သာ ခရိုအေးရှားသည် တစ်ဂိုးတည်းဖြင့် ကပ်ရှုံးရခြင်းဖြစ်သည်။ ခရိုအေးရှားသည် ပွဲရှုံးသော်လည်း ခြေစွမ်းအရမရှုံးခဲ့ချေ။

ဂျပန်ကလည်း ဩစတြေးလျကို မိနစ် ၈၀ ကျော်အထိ တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်သည်။ ဂျပန်က ဩစတြေးလျကို အချိန်တော်တော်များများ အပေါ်စီးမှ ဖိကစားနိုင်ခဲ့သည်။ ဂျပန်၏ ကစားအား၊ ကစားပုံ၊ ကစားကွက်များသည် ပြောစရာမရှိလောက်အောင်ပင် ကောင်းပါသည်။

သို့သော် ဂျပန်တွင် အားနည်းချက်ရှိသည်။ ၎င်းမှာ ဩစတြေးလျကို ခြေရည်တူ အရှိန်မြင့် လိုက်ကစားလိုက်ခြင်းဖြစ်သည်။ ဤအကျိုးဆက်ကို ဂျပန်ခံစားသွားရခြင်းဖြစ်သည်။ ဩဇီတို့ ကစားရှိန်မြှင့်လိုက်တိုင်း ဂျပန်အသင်း အားပျော့သွားလေ့ရှိသည်။ ခရိုအေးရှားနှင့်ပွဲတွင် ဤအားနည်းချက်ကို ဂျပန်ပြုပြင်နိုင်မည်ဟု ထင်သည်။

ဘရာဇီးကို ခပ်မာမာ တုံ့ပြန်တတ်သည့် ခရိုအေးရှားသည် ဂျပန်ကိုလည်း ဤအတိုင်း တုံ့ပြန်လိမ့်မည်။ အကြိတ်အနယ်ပွဲတစ်ပွဲ ဖြစ်လိမ့်မည်ဟု ယူဆရသည်။ နှစ်သင်း၏ ရှေ့အလားအလာကို တွက်ကြည့်ရာတွင် ခရိုအေးရှားက အုပ်စုတက်ရန် အလားအလာရှိသည်။ ယခုပွဲ၌ ဂျပန်ကိုနိုင်လျှင် ဩစတြေးလျအား အနိုင်ကစားနိုင်သည်။ ထို့ကြောင့် ခရိုအေးရှားအနေဖြင့် ဤပွဲကို မဖြစ်မနေ အနိုင်ရအောင် ကစားလိမ့်မည်ဟု ယူဆရပေသည်။

ဘရာဇီးနှင့်ဩစတြေးလျ

၁၈–၆–၂၀၀၆
အလိုင်းယင့်စ်အရီနားကွင်း (မြူးနစ်)
အချိန်–ည ၁၀း၃၀နာရီ၊
တနင်္ဂနွေနေ့
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

(စ)အုပ်စုအတွင်း အနိုင်ရရှိထားသော အသင်းနှစ်သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျပန်နှင့် ကစားသောပွဲတွင် ဩစတြေးလျ၏ ကစားပုံညံ့သည်။ အောက်မှ လိုက်ကစားနေရသည်။ နည်းပြဆရာ၏ ပါးနပ်မှုကြောင့် ဩစတြေးလျ အနိုင်ရခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် ချေပဂိုးသွင်းပြီး နောက်ထပ်နှစ်ဂိုး သွင်းလိုက်နိုင်ခြင်းမှာ ဩစတြေးလျ၏ ခြေစွမ်းကို တစ်ပိုင်းတစ်စ ထုတ်ဖော်ပြလိုက်ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခုယှဉ်ပြိုင်မည့်အသင်းသည် ကမ္ဘာ့ဖလားကို ငါးကြိမ်ဆွတ်ခူးထားသော ဘရာဇီးအသင်းဖြစ်သည်။

ဘရာဇီးသည် ခရိုအေးရှားအသင်းကို တစ်ဂိုးဖြင့်ကပ်နိုင်သည်မှာ မှန်သော်လည်း အေးဆေးတည်ငြိမ်စွာဖြင့် ရှေ့မှ ဦးဆောင်ကစားသွားသည်။ မိမိစိတ်ကြိုက်ပွဲကို လုပ်ကစားနိုင်သည်။

နှစ်သင်း နည်းပြဆရာများကို ယှဉ်ကြည့်ရာတွင် ပါရဲယားရောဟင်းဒင့်ပါ လူတော်များဖြစ်သည်။ နှစ်ဦးစလုံးသည် ပရိယာယ်ကြွယ်ဝကြသည်။ ကြံ့ရည်ဖန်ရည်လည်း ကောင်းကြသည်။

ဤနှစ်သင်း၏ ကွာခြားချက်မှာ ကစားသမားစုဖွဲ့မှုပင်ဖြစ်သည်။ ကစားသမားတစ်ဦးချင်းစီ၏ အရည်အသွေးမှာ ကွာခြားလွန်းသည်။ အခြေခံဘောလုံးနည်းစနစ် ပိုင်နိုင်မှုတွင်လည်း ကွာသည်။ ဤအချက်က ပြိုင်ပွဲတစ်ခု၏အဖြေကို ပြောင်းလဲစေတတ်သည်။

ထို့ကြောင့် နှစ်သင်း၏ ကစားခဲ့ပြီးသော ပွဲအခြေအနေ၊ နည်းပြဆရာနှစ်ဦး၏ အရည်အသွေး၊ ကစားသမားစုဖွဲ့မှုများကို နှိုင်းယှဉ်ကြည့်လျှင် ဘရာဇီးအသင်းကသာသည်။ ဘရာဇီးက အထက်စီးမှ ကစားလိမ့်မည်ဖြစ်သည်။ ဩစတြေးလျက အောက်မှ လိုက်ကစားရမည်။ ထို့ကြောင့် ယခုပွဲတွင် ဘရာဇီးအနိုင်ရလိမ့်မည်ဟု ခန့်မှန်းရသည်။ ဂိုးမပြတ်လျှင် ဩစတြေးလျ ပရိသတ်များ ကျေနပ်စရာကောင်းပေသည်။

ပြင်သစ်–တောင်ကိုရီးယား

၁၉–၆–၂၀၀၆
လိုက်ပဇစ်ကွင်း
အချိန်–နံနက် ၁း၃၀ နာရီ၊
တနင်္လာနေ့
(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ပြင်သစ်အသင်းသည် ပွဲဦးထွက်ဆွစ်ဇာလန်နှင့်ပွဲ၌ ဂိုးမရှိ သရေကျ

ဂမ်ဆိုင်း

ထားသည်။ တောင်ကိုရီးယားက တိုဂိုကိုနှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ထားသည်။ ပြင်သစ်က တစ်မှတ်ရပြီး တောင်ကိုရီးယားက သုံးမှတ်ရထားသည်။ လက်ရှိအနေအထားအရဆိုလျှင် တောင်ကိုရီးယား သုံးမှတ်ဖြင့် ထိပ်မှပြေးနေသည်။

တိုဂိုနှင့်ကစားသော တောင်ကိုရီးယားခြေရည်သည် ၂၀၀၂ ခုနှစ် တောင်ကိုရီးယားအသင်း၏ ခြေရည်ကို မမီဟုထင်သည်။ ထို့အပြင် ကစားပုံနှင့်ဟန်သည်လည်း ပြောင်းလဲသွားသည်။ သို့သော် ကွင်းလယ် ကစားပုံများသည် ယခင်အသင်းထက်ပို၍ ကောင်းလာသည်။ ရှေ့တန်းတိုက်စစ်ကို သိပ်အားမရချေ။ မည်သို့ပင် ဖြစ်စေ တောင်ကိုရီးယားအသင်း၏ အားသည် စုစည်းညီညွတ်မှုနှင့် ကြံ့ခိုင်မှုကောင်းခြင်းတို့ဖြစ်သည်။

ဗိုလ်စွဲရန် ရေပန်းစားနေသော ပြင်သစ်သည် ဆွစ်ဇာလန်နှင့်ပွဲ၌ ညံ့သည်။ ဘယ်ခြမ်းမှ တစ်သမတ်တည်း ထိုးဖောက်သည်။ ညာဘက်ခြမ်း တိုက်စစ်မရှိသလောက် အားနည်းသည်။ ကွင်းလယ်ဖန်တီးမှုများ ကောင်းသော်လည်း ပြိုင်ဘက်က ဖျက်လျှင် ပုံစံပျက်သွားတတ်သည်။ ပြင်သစ်အသင်း၏ ရှေ့၊ လယ်၊ နောက်မှာ ညီသည်။

တောင်ကိုရီးယားသည် ပြင်သစ်၏ ကွင်းလယ်ကို မည်၍မည်မျှ ထိန်းချုပ်နိုင်မည်နည်း။ ဤအချက်က မေးခွန်းထုတ်စရာတစ်ခုဖြစ်သည်။ အကယ်၍ တောင်ကိုရီးယားက ပြင်သစ်အသင်းအတွက် နေရာလွတ်များများ မပေးနိုင်ခဲ့လျှင် ရလဒ်တစ်မျိုး ပြောင်းလဲသွားနိုင်သည်။ သို့သော် တောင်ကိုရီးယားမှာ ပြင်သစ် ကွင်းလယ်ကို ဖျက်ထုတ်နိုင်သော စွမ်းရည် ရှိ၊ မရှိ စောင့်ကြည့်ရမည်။ ၎င်းအရည်အသွေး မရှိလျှင် တောင်ကိုရီးယား အနိုင်ရရန်ခက်မည်။

မည်သို့ပင်ဖြစ်စေ နှစ်သင်းယှဉ်ကြည့်ရာတွင် ပြင်သစ်အသင်းက အစစအရာရာသာသည်။ ပြင်သစ်အနေဖြင့် နိုင်ဖို့ ရာခိုင်နှုန်းများသည်။ အကယ်၍ ဂိုးမပြတ်အောင် တောင်ကိုရီးယားအသင်း အားထုတ်နိုင်ခဲ့လျှင် ကျေနပ်ဖွယ်ကောင်းလှသည်။ ။

ဂျပန် လက်ရွေးစင်အသင်းမှ နည်းပြ ဇစ်ကို။
(ဓာတ်ပုံ–အင်တာနက်)

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိ–နိကျောင်းတိုက်ကြီးများရှိ ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ နှစ်ပုံခွဲဆောင်၊ သုံးပုံဆောင်၊ သုံးပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကစာပေများ ကြိုးစားနိုင်ရန် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုရည်များ ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ပဲခူးတိုင်း ကဝမြို့နယ် သပြုရွာနေ ဦးအောင်ခင်–ဒေါ်ဆိတ်မိသားစုတို့က ဆွမ်းပဒေသာပင် အပင် ၁၀၀ အတွက် ကျပ်၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဦးညွန့်အောင်–ဒေါ်တင်တင်အိ မိသားစုတို့က နှစ်ဖက်သော မိဘဘိုးဘွားတို့ကို ရည်စူး၍ အလှူတော်ငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)အား ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းအတွက် တာမွေ မေတ္တာညွန့်ရပ်ကွက် ကြည်ကြည်သစ်စက် ဦးမြင့်ဦး–ဒေါ်စောကြည်၊ သား ဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)



ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းရွာမရပ်ကွက် သမာဓိလမ်းနေ ဦးခင်မောင်–ဒေါ်စန်းရီ မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ၂၀၀၆–၂၀၀၇ခုနှစ် ပညာသင်ထောက်ပံ့ငွေကျပ် ၇၂၀၀၀ ကို ဇွန် ၁၃ ရက်က အစည်းအဝေးခန်းမတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်က စခန်းမှူး ရဲအုပ်ကျော်တင့်ထံ ပေးအပ်စဉ်။ (က–ပ)

စက်မှုနည်းပညာများတိုးတက်ရေး၊ နည်းပညာများဖလှယ်ရေး စက်မှုလက်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေနဂါးစက်မှုလက်မှု စုပါကပ်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သော ဆိုင်ကယ်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၇

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မကွေးမြို့ မဟာဝိသုတာ ရာမတိုက်သစ်သို့ သွားရောက်၍ မကွေးမြို့ရှိ စာသင်တိုက်များမှ ပဓာနနာယက ဆရာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပရိတ်တရားတော်များနာယူ

ရှေးဦးစွာ ဩဝါဒပရိသတ်တို့က မကွေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး မကွေးတိုင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဥက္ကဋ္ဌ ရာဇမုနိတောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တကေလာသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတပ်နယ်သို့ သွားရောက်၍ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုများအား အောင်နိုင်ဟိန်းတပ်နယ်ခန်းမ၌ တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

စပါးအပြင် သီးထပ်သီးညှပ်များ ရာသီအလိုက်စိုက်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိကာ ဒေသခံတောင်သူလယ်သမားများ လူမှုစီးပွားရေးဘဝ ပြည့်စုံပုံလုံလာစေမည်

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မူဆယ်မြို့ရှိ လေယာဉ်ပြေးလမ်းဟောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းတို့က လေယာဉ်ပြေးလမ်း၏သမိုင်းကြောင်းနှင့် လေယာဉ်ပြေးလမ်းကို ပေ ၆၀၀၀ ကျော်အထိ တိုးချဲ့နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်ရှိ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးဖြစ် ကုန်ထုတ်စွမ်းအားမြှင့်မားမှ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားမည်

ရန်ကုန် ဇွန် ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲတွင် မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာအုပ်စု၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က စိုက်ပျိုးထားသည့် ရော်ဘာဧက ၂၀၊ ရော်ဘာအပင် ၄၀၀၀ ကျော် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စစ်မှုထမ်းဟောင်းမိသားစုများ အပိုဝင်ငွေရရှိရေးအတွက် ရော်ဘာပင်များ ဖြစ်ထွန်းအောင်မြင်ရေး ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ရော်ဘာအစေးခြစ်ယူသည့် လုပ်ငန်းတတ်ကျွမ်းစေရန် စီစဉ်ဆောင်ရွက်ပေးရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မောင်တောမြို့ရှိ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမောင်ညွန့်က ပျဉ်းကတိုး၊ ကျွန်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●